mgyoe.com


နေဇင်လတ်

# အမွေပေးသည်ဆိုရာမှာ



mgyoe.com

mgyoe.com



နေဇင်လတ်

# အမွေပေးသည်ဆိုဂါမှာ

nzl0005

1500.00 Ks

mgyoe.com

mgyoe.com



ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၈၃၈၀၈၀၈ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၈၇၃၀၈၀၈ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း m.s.ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၈ ခု၊ နိုဝင်ဘာလတွင် တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် ကိုမြင့်

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | နိုင်ငံရအသာစီးမှစွမ်းရည်အသာစီးသို့ | ၁ |
| ၂။ | မှားတာတွေမှန်တဲ့အခါ | ၅ |
| ၃။ | ဆွေမျိုးပေါက်ဖော် | ၁၁ |
| ၄။ | ညံ့သော်လည်းမဖျင်းစေ | ၂၃ |
| ၅။ | ရွက်ခြွေလေ | ၃၄ |
| ၆။ | နုတ်သည်ထက်ယုတ်သည်လား | ၃၉ |
| ၇။ | ယုံသူမှားလား၊ လိမ်သူမှားလား | ၄၅ |
| ၈။ | ကံကိုယုံတာ ပုံတာမဟုတ်ပါ | ၅၁ |
| ၉။ | အမေရိကန်ဦးဆောင်မှုကဏ္ဍဘယ်လောက်ကြာတော့မလဲ | ၅၇ |
| ၁၀။ | ပညာဖြင့်တည်ဆောက်ထားသည့်ကမ္ဘာကြီး | ၆၄ |
| ၁၁။ | အရေးလည်းပါ အရာလည်းရောက်စေ | ၇၁ |
| ၁၂။ | လေးစားခြင်းသည် အရည်အချင်းကို ဦးညွှတ်ခြင်းဖြစ်သည် | ၇၇ |
| ၁၃။ | မိဘစိတ် | ၈၄ |
| ၁၄။ | ပထွေး | ၉၁ |
| ၁၅။ | ဆင်စီးမြင်းရံ | ၉၉ |
| ၁၆။ | အမွေပေးသည်ဆိုရာမှာ | ၁၀၃ |
| ၁၇။ | ခေါင်းဆောင်–ခေါင်းဆောင်မှု | ၁၀၉ |
| ၁၈။ | ထိရောက်စွမ်းရည်ရှိခေါင်းဆောင် | ၁၁၅ |
| ၁၉။ | အနာဂတ်ခေါင်းဆောင် | ၁၂၁ |
| ၂၀။ | ခေါင်းဆောင်ကောင်း နောက်လိုက်ကောင်း | ၁၂၉ |
| ၂၁။ | သင်မှတတ်သူ၊ မြင်ရင်းသိသူ၊ တွေး၍ရှိသူ | ၁၃၈ |
| ၂၂။ | တွေးရဲ၊ ရေးရဲ၊ ရွေးရဲ | ၁၄၄ |
| ၂၃။ | လူတော်များကြောက်ရန်မလို | ၁၅၁ |
| ၂၄။ | အမှားမများဖို့ပဲလိုတယ် | ၁၅၆ |


mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# နိုင်းရအသာစီးမှ စွမ်းရည်အသာစီးသို့

9th February 2007

တစ်ချိန်တုန်းဆီက နိုင်ငံတွေချမ်းသာတယ်ဆိုတဲ့နေရာမှာ သဘာဝရင်းမြစ်တွေ ဘယ်လောက်ကြွယ်ဝတယ်ဆိုတာပေါ်မှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ နှိုင်းယှဉ်ပြောလေ့ရှိကြပါတယ်။ Comparative Advantage ပါ။ နည်းပညာကို စွမ်းစွမ်းတမံ အသုံးမချနိုင်သေးတဲ့ကာလများလို့ ဆိုနိုင်ပါတယ်။ 1980s နှစ်များဆီမှာ Singapore, Taiwan, Hong Kong စတဲ့နိုင်ငံတွေ တိုးတက်လာကြတာ မျက်ဝါးထင်ထင်တွေလာကြပါတယ်။ တိုးတက်မှုအရင်းခံကို ပညာရှင်တွေလေ့လာကြတော့ သယံဇာတ ဘာမှမယ်မယ်ရရမရှိဘဲ လူတွေရဲ့ စွမ်းအား၊ နည်းပညာအကူအညီတွေနဲ့ တိုးတက်သွားကြတယ်ဆိုတာ တွေ့လာကြရပါတယ်။ အတွေးအခေါ် အယူအဆနဲ့ သီအိုရီတွေ ပြောင်းကြရပါတော့တယ်။ Competitive Advantage ဆိုတဲ့ခေတ်ကို ရောက်မှန်းမသိ ရောက်လာပါတော့တယ်။

1950s ကိုရီးယားစစ်ပွဲကြောင့် ပြာပုံဘဝကစခဲ့တဲ့ South Korea နဲ့ North Korea ကို နှိုင်းယှဉ်ကြည့်ကြပါတယ်။ အရင်းရှင်စနစ်ကိုကျင့်သုံးတဲ့ တောင်ကိုရီးယားက တိုးတက်သွားပြီး ကွန်မြူနစ်စနစ်ကို ကျင့်သုံးတဲ့ မြောက်ကိုရီးယားတိုးတက်မှု တုံ့နှေးနေတာက ထင်ရှားတဲ့သာဓကအဖြစ် တညီတညွတ်ထဲ တွေ့လာကြပါတယ်။ စနစ်တစ်ခုရဲ့ ဖေးမကူညီမှုနဲ့ Institutional Building ဆိုတဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အခွင့်အရေး အကာအကွယ်တွေကောင်းတဲ့ တောင်ကိုရီးယားက ကမ္ဘာ့စီးပွားရေးမျက်နှာစာမှာ နေ့ချင်းညချင်းကြီးထွားလာတဲ့ ကျားတစ်ကောင် ဖြစ်လာပါတယ်။

တစ်ချိန်က ဆိုဗီယက်ယူနီယံဆိုတဲ့ ရုရှားနိုင်ငံကြီးကလည်း စစ်ရေးတည်ဆောက်မှုဘက်မှာသာ အလေးထားပြီး အမေရိကန်နဲ့ ယှဉ်ပြိုင်ဖို့ကြိုးစားနေရတာနဲ့ ပုဂ္ဂလိကလုပ်ငန်းအပေါ် အားပေးမှုတွေ အတော်ကြီးလျော့ကျပြီး နောက်ဆုံး

mgyoe.com

mgyoe.com



Competitive Edge ဆိုတဲ့ ပြိုင်ဆိုင်မှုစွမ်းရည်တွေ ဆိတ်သုဉ်းသွားခဲ့ပါတယ်။ 'အဖြစ်လုပ်' တာနဲ့ 'အလုပ်ဖြစ်' တာ သည်နေရာမှာ သိသိသာသာကြီး ပေါ်ထွက်လာပါတယ်။ ရလဒ်ကတော့ နောက်ဆုံး ဆိုဗီယက်ယူနီယံကြီး ပြိုကွဲသွားပြီး Competitive Advantage ကို တန်ဖိုးထားတဲ့နိုင်ငံငယ်လေးတွေ အရင်းရှင်စနစ်ဘက် ကူးပြောင်းခြင်း ခံလိုက်ရတာပါပဲ။

'နိုင်းရအသာစီး' . . . ဒါမှမဟုတ် 'ယှဉ်ပြိုင်နိုင်စွမ်းအား' ဆိုတဲ့ 'ဥစ္စာစောင့်မလေးရဲ့အလှ' ကို မမြင်ဘူးသေးတဲ့ ကွန်မြူနစ်၊ ဆိုရှယ်လစ် နိုင်ငံတချို့က ဆက်ပြီးခေါင်းမာနေကြပေမယ့် အုပ်ချုပ်သူတွေ ပညာရှိလာကြတာနဲ့အမျှ တရုတ်၊ ဗီယက်နမ်စတဲ့ ကွန်မြူနစ်အရင့်အမာကြီးတွေတောင် မနေနိုင်ကြတော့ပါဘူး။ Institutional Building ကို ပြင်ဆင်ကြရပါတော့တယ်။ နိုင်ငံရေးအုပ်ချုပ်မှုဆင့်ထက်ကဲစနစ်ကို မပြင်ကြပေမယ့် စီးပွားရေးကဏ္ဍကို သိသိသာသာခွဲထုတ်လိုက်ပြီး အရင်းရှင်အခြေခံစနစ်ကို ပြောင်းလဲကျင့်သုံးရင်း 'စွမ်းရည်အသာစီးခေတ်' ကို မွေးစားကြပါတော့တယ်။

'အရင်းရှင်' လို့ ပြောရင် တချို့က 'ကုပ်သွေးစုပ်'၊ 'လက်ဝါးကြီးအုပ်' 'ငွေအရင်းရှိသူတွေအတွက်' လို့သာ မြင်ကြပါတယ်။ တစ်ချိန်တုန်းက 'အရင်းအနှီး' ဆိုတာ 'ငွေ' အဓိကဇာတ်ဆောင်ဖြစ်ခဲ့ပေမယ့် သည်နေ့ခေတ်ရဲ့ 'အရင်းအနှီး' ဆိုရာမှာ 'ပညာ၊ နည်းပညာ၊ သတင်းအချက်အလက်၊ မဟာဗျူဟာ' စတာတွေ ပါဝင်လာပါပြီ။ အဲဒီကဏ္ဍစုံ 'အရင်းအနှီး' ကို အခြေခံပြီး၊ သူ့ထက်ငါ အပြိုင်အဆိုင်နဲ့ နှာတစ်ဖျားသာအောင် ကြိုးစားနေကြတဲ့ခေတ်ပါ။

'အရင်းရှင်' ဆိုတာ လူနည်းစုကောင်းစားရေးပါလို့ ကြွေးကြော်တတ်ကြတဲ့ ဆန့်ကျင် ဘက်နိုင်ငံရေးစနစ်ကို ယုံကြည်သူတွေက သူတို့လည်းဘာမှမလုပ်နိုင်၊ ရှိတဲ့ သယံဇာတတွေကိုလည်း အရမ်းကာရော ထုတ်ရောင်းစားရင်း မွဲသွားတဲ့ တိုင်းပြည်တွေ မနည်းလှပါ။ နောက်ဆုံး သူများနောက်လိုက်ဖြစ်ကျန်ခဲ့ပြီး 'မှားသွားပါတယ်' ဆိုတဲ့ ဖြောင့်ချက်နဲ့ စခန်းသိမ်းသွားကြပေမယ့် အဲဒီ 'ရသဆိုး' ကို နောက်မျိုးဆက်တွေ အရေထူထူနဲ့ ခံလိုက်ကြရတာ ဝမ်းနည်းစရာဖြစ်ပါတယ်။

(၂၁) ရာစုကို နည်းပညာနဲ့ ဦးဆောင်သူလည်းဖြစ်၊ နိုင်းရစွမ်းရည်အသာစီးရသူလည်းဖြစ်၊ ကမ္ဘာ့စီးပွားရေး အတောင့်တင်းဆုံးလည်းဖြစ်တဲ့အမေရိကန်လိုနိုင်ငံကတောင် အရင်ထက်စာရင် ယှဉ်ပြိုင်မှုတွေ နှစ်ဆတိုးလာတယ်ဆိုပြီး သက်ပြင်းချခဲ့ဖူးပါတယ်။ တစ်ချိန်က လျှမ်းလျှမ်းတောက် ကိုလိုနီနယ်ချဲ့ခဲ့တဲ့ ဗြိတိသျှ၊ ဂျာမနီ၊ ပြင်သစ်

mgyoe.com

mgyoe.com



တို့ တစ်ခေတ်စီဖြစ်ခဲ့ဖူးတာ မှတ်မိကြပါလိမ့်မယ်။ မျက်မှောက်ခေတ်မှာ Competitive Edge ကျဆင်းသွားလို့ ကမ္ဘာ့မျက်နှာစာမှာ ခပ်လျှိုလျှို နေသွားကြရပါတယ်။ နောက်ပိုင်းတိုးတက်လာတဲ့ တရုတ်၊ အိန္ဒိယ၊ တိုးတက်ပြီးဖြစ်တဲ့ ဂျပန်၊ ကိုရီးယား၊ တရုတ်တိုင်ပေ၊ ဟောင်ကောင် စတဲ့နိုင်ငံတွေနဲ့ ပြည့်စုံတိုးတက်ပြီးဖြစ်တဲ့ အမေရိကန် ရဲ့ (၂၁) ရာစု စီးပွားရေးမဟာဗျူဟာအခင်းအကျင်းဟာ 'စွမ်းရည်အသာစီး' ဆိုတဲ့ Competitive Advantage အရယူရာမှာ စိတ်ဝင်စားစရာကောင်းမယ့် ပွဲတစ်ပွဲဖြစ် ပါတယ်။

တရုတ်တို့ရဲ့ ယွမ်ငွေကို ရှိသင့်တဲ့တန်ဖိုးထက် နှိမ့်ချထားပြီး ကုန်သွယ်ရေး အသာစီးယူနေတာကို ညှိနှိုင်းမှုနဲ့အဖြေရှာလို့မရရင် ဘဏ္ဍာရေးတိုက်ပွဲတစ်ခု အသွင် ပြောင်းဖို့ အမေရိကန်ရဲ့ သံတမန်ဆန်ဆန် အရိပ်အမြွက်အပြောက တွေးကြည့်ရင် တုန်လှုပ်စရာကောင်းပါတယ်။ ၁၉၉၇ ခုနှစ် အာရှငွေကြေးပြဿနာက ASEAN နိုင်ငံတွေကို အထိနာစေခဲ့တာ အမှတ်ရမိကြပါဦးမယ်။ စွမ်းရည်ပြိုင်ဆိုင်ပွဲတွေမှာ ငထွားတွေ ကြားက ခါးနာနိုင်ပါသေးတယ်။ တကယ်စွမ်းရည် ဘယ်သူပိုရှိသလဲ ဆိုတာ တစ်နှစ်လောက်ကြာရင် အဖြေတစ်ခုပေါ်လာလောက်တယ်လို့ သုံးသပ်ရ ပါတယ်။

(၂၁) ရာစုမှာ သယံဇာတ ဘယ်လောက်ကြွယ်ဝချမ်းသာတယ်ဆိုတာ သိပ် စိတ်ဝင်စားစရာကောင်းတဲ့ ပုံပြင်တစ်ခုတော့ မဟုတ်လောက်တော့ပါဘူး၊ Competitive Edge ဘယ်လောက်ရှိတယ်ဆိုတာကသာ သူ့ရဲကောင်း ဖြစ်နေပါတယ်။ ခေတ်က အပြောင်းအလဲအလွန်မြန်ဆန်နေပါတယ်။ မျှော်လင့်ထားတဲ့အရှိန်၊ အလျင် ထက်ကို ပိုပြီးမြန်နေတာပါ။ Apple က iPhone ထုတ်လိုက်ပြီဆိုတာနဲ့ တစ်ပြိုင် နက် Mobile မှာ ဈေးကွက်ခွဲဝေယူထားကြတဲ့ Nokia, Motorolla, Samsung, Sony, Erricson စတဲ့ ထုတ်လုပ်သူအထင်ကရကြီးတွေရဲ့ Share ဈေးကွက်ကို မိနစ်ပိုင်းအတွင်း ထိခိုက်သွားခဲ့ပါတယ်။ Apple ရဲ့ နည်းပညာထက်မြက်တယ်ဆို တာ စားသုံးသူတွေသိထားပြီးလို့ ဖြစ်ပါတယ်။ စွမ်းရည်ရှိသူဝင်လာပြီဆိုတဲ့အသံက ပြိုင်ဘက်တွေကို တုန်ခါသွားစေတာ၊ သည်ခေတ်ရဲ့ စွမ်းရည်အပေါ်အသိအမှတ်ပြုမှု ဘယ်လောက်အင်အားရှိတယ်ဆိုတာကို တိုက်ရိုက်ပြလိုက်တာပဲ ဖြစ်ပါတယ်။

တိုးတက်တဲ့နိုင်ငံတွေကလည်း ကိုယ့်အဆင့် ကျမသွားအောင် စွမ်းရည်တွေ ကို 'ထပ်ဆောင်း' နိုင်ဖို့ ကြိုးစားနေကြရင်း Competitiveness ပိုကောင်းလာ ပါတယ်။ အိပ်မောကျနေတဲ့နိုင်ငံတွေနဲ့ ကွာမှန်းမသိ ကွာ. . . ကွာလာပါတယ်။

mgyoe.com

mgyoe.com



ဖွတ်မွဲပြာ စု၊ ခရုဆံကျွတ် ဖြစ်မှန်းမသိ ဖြစ်နေကြပါတယ်။ အာဖရိကနိုင်ငံတွေဆိုရင် ပိုဆိုးပါတယ်။

ခေတ်ကရွေ့လာရင်း 'နှိုင်းရအသာစီးမှ စွမ်းရည်အသာစီး' (From Comparative Advantage to Competitive Advantage) ဆီကို ရွေ့ရှမှု ပိုပြီးပီပြင်နေပါပြီ။ နည်းပညာအသာစီးရမှု၊ သတင်းအချက်အလက်အသာစီးရမှု၊ ဘဏ္ဍာရေးစနစ် ကောင်းမွန်မှု၊ အုပ်ချုပ်ရေးနဲ့ ဥပဒေအကာအကွယ်တွေဟာ စွမ်းရည်ရဲအင်္ဂါရပ်အပိုင်းအစတွေ ဖြစ်ပါတယ်။ သုတေသနလုပ်ငန်းနဲ့ မျိုးဆက်သစ်တွေအတွက် အခြေခံပညာခိုင်ခံ့မှုက အရေးကြီးတဲ့ကဏ္ဍက ပါဝင်နေပါတယ်။

နိုင်ငံအဆင့် Competitive Advantage of Nation ဆိုတဲ့ ယှဉ်ပြိုင်နိုင်စွမ်းအားဆိုတာလည်း တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းရဲ့စွမ်းရည်တွေနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။ Capacity Building လို့ပြောပါတယ်။ Capacity Building ဆိုတာ သိပ်ခက်လှတဲ့အရာတော့မဟုတ်ပါဘူး၊ သူ့ကိုအကာအကွယ်ပေးပြီး ထိန်းသိမ်း၊ လမ်းကြောင်းပေးမယ့် Institutional Building ရှိရင် ဖြစ်လာမယ့်အရာ ဖြစ်ပါတယ်။

တစ်ဦးနဲ့တစ်ဦး နေ့စဉ်ကွာခြားမှုက သိပ်မသိသာပါဘူး။ အိပ်မောကျနေသူနဲ့ ပုံမှန်တိုးတက်နေသူ ဆယ်စုနှစ်တစ်ခု၊ နှစ်ခုလောက်ကွာသွားရင် တော်တော်ကြီး သိသာသွားပါတယ်။ တချို့နေရာတွေမှာ လိုက်ယူလို့ရပေမယ့် တချို့နေရာတွေမှာ လိုက်ယူလို့မရတော့လောက်အောင် 'အချိန်' ဆိုတာက မျက်နှာသာပေးမှာ မဟုတ်ပါဘူး။ 'မိဘက ဘယ်လောက် ချမ်းသာတယ်' ဆိုတာထက် 'ကိုယ်က ဘယ်လောက် လုပ်နိုင်တယ်' ဆိုတာက အရေးကြီးတာဖြစ်ပါတယ်။

❖

mgyoe.com

mgyoe.com

# မှားတာတွေမှန်တဲ့အခါ

8th April 2005

တစ်ခါတစ်ရံမှာ မှားတာတွေဟာ မှန်သလို ရှိတတ်ပါတယ်။ အဲဒီအခါမှာတော့ မှန်တာတွေက မှားသလိုဖြစ်သွားတယ်ပေါ့။ အမှန်၊ အမှားအတွက် အဆုံးအဖြတ်ပေးဖို့ရာမှာ တစ်သက်လုံးမှန်၊ တစ်သက်လုံးမှားတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ အချိန်အခါ၊ နေရာဒေသ၊ လူတွေရဲ့အသိပေါ်မှာ မူတည်ပါတယ်။ ထင်ရှားတဲ့ဥပမာတစ်ခုကိုပြောရရင် ရာဇဝင်မှာတစ်ချိန်က ယဇ်ပူဇော်ခဲ့တာကို အများကလက်ခံခဲ့လို့ အဲဒါကို အမှန်လို့ ယူဆခဲ့ဖူးပါတယ်။ ကမ္ဘာကြီး 'ပြား'ပါတယ်လို့ ယူဆတဲ့ခေတ်မှာ 'လုံး'ပါတယ်လို့ပြောတဲ့ 'သိပ္ပံပညာရှင်' တစ်ဦးဟာ ဝိုင်းကျဉ်တာခံခဲ့ရဖူးပါတယ်။

သက်ဦးဆံပိုင်ခေတ်က သတ်ချင်သူကို 'သတ်စေ' အမိန့်တစ်ခုပဲ ပေးဖို့လိုပါတယ်။ အကြောင်းပြချက်မလိုပါဘူး။ ဘယ်သူမှလည်း စောဒကမတက်ပါဘူး။ မယားလိုချင်လို့ လင်ကိုသတ်ခဲ့တဲ့ဘုရင်ကို ဘယ်သူမှ တရားမစွဲရဲပါဘူး။ 'ဘုန်း' ရှိလို့ ဘုရင်ဖြစ်တာ၊ လုပ်နိုင်တယ်၊ အမှန်ပဲလို့လည်း လူတွေရဲ့အသိမှာ ရှိနေကြလို့ပါပဲ။ အဲဒီခေတ်က မိဖုရားနဲ့ ကိုယ်လုပ်တော် သုံးရာကျော်ယူခဲ့တဲ့ ဘုရင်တွေရှိခဲ့ပါတယ်။ ဒီဘက်ခေတ်ကြတော့ အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်က လူးဝင်းစကီးကို 'ဆွဲဆောင်' ခဲ့တယ်ဆိုပြီး ကမ္ဘာထိပြန့်အောင် ဟိုးဟိုးကျော်ခဲ့ပါတယ်။ အမှန်၊ အမှားတွေရဲ့ ကာလ၊ ဒေသ၊ အသိကွာသွားမှုအပေါ် အဆုံးအဖြတ်ပြောင်းလဲကြတာကို ထောက်ပြချင်တာပါ။

အမှန်၊ အမှားကို ပတ်ဝန်းကျင်က အဆုံးအဖြတ်ပေးကြပါတယ်။ ဘာသာရေးနဲ့ဥပဒေကလည်း အဆုံးအဖြတ်ပေးကြပါတယ်။ ပိုင်ရှင်က ပေးလိုစိတ်မရှိဘဲ သူ့ပစ္စည်းကို သူမသိအောင်ယူရင် 'ခိုး' တာပါ။ သိလျက်နဲ့အဓမ္မယူရင် 'ဓားပြ' တိုက်တာ ဖြစ်သွားပါတယ်။ ဘာသာရေးကရော၊ လူမှုရေးကရော၊ ဥပဒေကရော အမှားလို့ ယူဆထားပါတယ်။ ဒါပေမယ့် ပေးချင်လာအောင် အပြောကောင်းကောင်း

mgyoe.com

mgyoe.com


နဲ့ဆွဲဆောင်ပြီး ယူသွားကြတာကတော့ အမှားလို့မပြောကြတော့ပါဘူး။ ဆန္ဒပေါ် အခြေခံတာဖြစ်လို့ပါ။

### ဥပဒေပြောင်းတတ်တယ်

တစ်ချိန်က "An eye for an eye" ဆိုတဲ့ 'မျက်လုံးတစ်ဖက်အတွက် မျက်လုံးတစ်ဖက်' ဆိုတဲ့ လက်စားချေ၊ အစားပေး ဥပဒေကျင့်သုံးတဲ့နိုင်ငံတွေ ရှိခဲ့ပါတယ်။ 'သေစားသေစေ' ဆိုတဲ့ Capital Punishment ကို ဗြိတိသျှနိုင်ငံမှာတောင် ကျင့်သုံးခဲ့ဖူးပါတယ်။ နောက်ပိုင်းမှာ ရက်စက်လွန်းရာကျတယ်ဆိုပြီး Life Sentence 'တစ်သက်တစ်ကျွန်း' နဲ့အစားထိုးခဲ့ပါတယ်။

Myanmar Customary Law မှာလည်း အရင်တုန်းက ရှေ့ခုနစ်အိမ် နောက်ခုနစ်အိမ်သိရင် လင်မယားမြောက်ပါတယ်။ အခုမရတော့ပါဘူး။ Will ဆိုတဲ့ ဆန္ဒမပါဘဲ၊ တရားရုံးတစ်ရုံးရုံးမှာ လက်မထပ်ဘဲ အကြင်လင်မယားဘဝ မရောက်ကြပါဘူး။ လင်မယား ကွဲချင်တဲ့အခါမှာလည်း အရင်တုန်းက ယောကျ်ားဘက်က (၁) နှစ်၊ မိန်းမဘက်က (၃) နှစ် အဆက်ဖြတ်လိုက်တာနဲ့ အလိုလိုကွဲကွာသွားနိုင်ကြပေမယ့် အခုတော့ နှစ်ဖက် (Will) ပေါ် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးမှ ကွဲနိုင်ကြပါတယ်။ ခပ်ရှုပ်ရှုပ်လုပ်ချင်တဲ့သူတွေကတော့ သိပ်မကြိုက်ကြဘူးဖြစ်တာပေါ့။

### မှားသလား၊ မှန်သလား

တချို့နိုင်ငံတွေမှာ ဘာသာရေးက လူမှုရေးကို ထိန်းကျောင်းပေးပါတယ်။ တချို့မှာတော့ ဆန္ဒကိုပဲ အလွန်အကြူးဦးစားပေးပါတယ်။ တိုးတက်လွန်းတဲ့ နိုင်ငံတွေမှာ Concept ပြောင်းလဲမှုက အလွန်မြန်ဆန်ပါတယ်။ Living Together က ဥပမာတစ်ခုပါ။ ယောကျ်ားနဲ့မိန်းမ အတူနေတာ ပတ်ဝန်းကျင်က အကုန်သိပါတယ်။ တချို့ နှစ်အကြာကြီးကို နေကြပါတယ်။ တရားဝင် အိမ်ထောင်မပြုကြပါဘူး၊ သဘောမတိုက်ဆိုင်တဲ့အခါမှာ အသာတကြည်ပဲ ကွာလိုက်ကြပါတယ်။ 'ဒီကောင်မလေး ဘယ်သူနဲ့ညားခဲ့တယ်' ဆိုတာ အထူးအဆန်းမဟုတ်တော့တဲ့အထိ လွတ်လပ်လာကြပါတယ်။

mgyoe.com

mgyoe.com



## ယဉ်ကျေးမှုအရာ

ကာလဆိုတာ ယဉ်ကျေးမှုရောဖို့ အထောက်အပံ့ဖြစ်နေပါတယ်။ ကျောက်ခေတ်ကလူတွေရဲ့ အသိနိမ့်တဲ့အဆင့်ကို မှန်းကြည့်ပါ။ သတ်သတ်မှတ်မှတ် လင်မယားစနစ်မရှိသေးတာကနေ အသိနည်းနည်းတိုးလာတော့ ဒီနေ့ခေတ် လင်မယားနစ် ဖြစ်လာတဲ့ တဖြည်းဖြည်းတိုးတက်မှု (Evolutionary Progress) ကိုဆိုလိုတာပါ။

ရုပ်ပိုင်းဆိုင်ရာအသိတွေ တစ်ဟုန်ထိုးတိုးတက်လာတဲ့အခါ လူတွေရဲ့ ခံယူချက် တဖြည်းဖြည်းပြောင်းလာတာ သတိပြုမိစရာကောင်းတဲ့အချက်ပါ။ သူများ တကာလို ယောကျ်ား၊ မိန်းမဆိုတာကို 'ကံငါးပါး' နဲ့ စည်းခြားတဲ့သူတွေရှိသလို၊ ကျောက်ခေတ်ကအတိုင်း သတ်သတ်မှတ်မှတ်မထားတဲ့ 'ဘုံပိုင်' စနစ်နဲ့ Excuse လုပ်တဲ့သူတွေလည်း ရှိလာကြပါပြီ။ 'သတ်မှတ်ချက်ပါကွာ' ဆိုပြီး စောဒက တက်ကြသူတွေ ပိုများလာပါတယ်။ 'ဖျက်ဆီးလိုစိတ်မှအရင်းမခံတာ' ဆိုတဲ့ဆင်ခြေနဲ့ 'ကာမေသု' ကိုရှောင်လွှဲဖို့ ကြိုးစားကြပါတယ်။

အရက်သမားတချို့ကလည်း နည်းနည်းသောက်ရင် ကျန်းမာရေးကို အထောက်အကူပြုတယ်ဆိုပြီး ဆင်ခြေပေးတတ် ကြပါတယ်။ ရာဇဝင်ထဲက သူခိုးကြီး 'ငတက်ပြား' ကို ထောက်ခံကြတဲ့သူတွေကလည်း ရှိလာပါတယ်။ အကြောင်းကတော့ 'ငတက်ပြား' က မတရားနည်းနဲ့ ချမ်းသာသူတွေဆီကသာခိုးပြီး ခိုးလို့ရတဲ့ ပစ္စည်းကို မရှိတဲ့သူတွေကို တစ်ဝက်ပြန်လှူလို့တဲ့။ ကိုယ့်ရှုထောင့်ကနေ ကိုယ့်သုံးသပ်ချက်တွေကိုသာ ဆွဲကြတာ ဖြစ်ပါတယ်။

ငယ်ငယ်တုန်းက အိမ်နီးချင်းအစ်မကြီးတစ်ဦး ရှိခဲ့ပါတယ်။ တခြား ယောကျ်ားတွေကို အခကြေးငွေယူပြီး ဖျော်ဖြေတဲ့ အလုပ်လုပ်ပါတယ်။ နောက် အိမ်ထောင်ပြုတယ်။ အဲဒီအလုပ်ကို ဆက်လုပ်ပါတယ်။ သူ့ယောကျ်ားကလည်း သိပါတယ်။ သူ့ယောကျ်ားကတောင် လူရှာပေးရပါသေးတယ်။ ဘယ်လိုနားလည် ရမလဲတောင် မသိနိုင်တော့တဲ့ အမှန်နဲ့အမှား ဖြစ်ရပ်တစ်ခုပါ။

ပိုဆိုးတဲ့ဖြစ်ရပ်တစ်ခုလို့ ပြောရင်တောင်ရမယ့် ဖြစ်စဉ်တစ်ခု ရှိခဲ့ဖူးပါတယ်။ တော်တော်ချောတဲ့ မိန်းမတစ်ယောက်က တစ်အိမ်တည်းမှာ ယောကျ်ား (၃) ဦးကို ယူပြီးထားခဲ့တဲ့ဖြစ်ရပ်တစ်ခုပါ။ လကုန်ရင် ယောကျ်ားအားလုံးက လစာအပ်ကြရပါ တယ်။ လူမှုရေးနဲ့ချိန်ထိုးရင်ဖြစ်ဖြစ်၊ ဥပဒေကြောင်းအရပဲဖြစ်ဖြစ် အဆင်တပြေမရှိတဲ့ ဖြစ်ရပ်ပါ။ ဥပဒေအရ ယောကျ်ားတစ်ယောက်က မိန်းမအများကိုယူခွင့်ရှိပေမယ့်

mgyoe.com

mgyoe.com


မိန်းမအတွက် အဲဒီအခွင့်အရေးကို အပြန်အလှန်အားဖြင့် ပေးမထားပါဘူး။ ဒါပေမယ့် အားလုံးက ကျေနပ်ခဲ့တဲ့အတွက် ဘာမှမဖြစ်တော့၊ ဘာမှလည်းမဖြစ်ခဲ့ကြပါဘူး။ အခုဆိုရင် ဘိုးဘွားရိပ်သာအရွယ်တွေ ရှိလောက်ကြပါပြီ။

ယဉ်ကျေးမှုအရောလွန်တာလား၊ သိပ်ပြီး ခေတ်ရှေ့ပြေးသွားတာလား မပြောတတ်တော့ပါဘူး။ ကျွန်တော့်ရဲ့ ငယ်ငယ်ကဖြစ်ရပ်တစ်ခုပါ။ ယုံကြည်ဖို့ ခက်ခဲလောက်တဲ့ ဖြစ်ရပ်တစ်ခုလည်း ဖြစ်ပါတယ်။ ဒါပေမယ့် တကယ်ရှိခဲ့ပါတယ်။

## စိန်ခေါ်မှုတွေ

အမှား၊ အမှန်အတွက် အနာဂတ်မှာစိန်ခေါ်မှုတွေ တသီတတန်းကြီး ဖြစ်နေပါတယ်။ တူရကီ၊ အာဖဂန်နစ္စတန်၊ အီရတ် တို့လိုနိုင်ငံတွေမှာ တစ်ချိန်က ဘာသာရေးသြဇာ အလွန်ကြီးစိုးခဲ့ပါတယ်။ ဒီနေ့စစ်တမ်းတွေအရ တူရကီနိုင်ငံမှာ ခေါင်းမြီးခြုံအမျိုးသမီးတွေ ကပွဲတော်တော်များများ တက်နေကြပါပြီ။ အီရတ်မှာလည်း စစ်ပွဲကမပြီးသေးဘူး။ ယဉ်ကျေးမှုကတော့ ရောယှက်နေပါပြီ။ အစ္စလာမ်ဘာသာ ကြီးစိုးတဲ့နိုင်ငံတွေထဲမှာ တူရကီဟာ အလွတ်လပ်ဆုံး၊ ခေတ်အမီဆုံးလို့ပြောပြီး နှစ်အနည်းငယ်အတွင်းမှာ အနောက်နိုင်ငံတွေ အလားဖြစ်တော့မယ်လို့တောင် ပြောသူပြောနေကြပါပြီ။

'ငတက်ပြား' လိုပဲ၊ အင်အားကြီးတဲ့နိုင်ငံတွေက အင်အားနည်းတဲ့ နိုင်ငံကို စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်တဲ့အခါမှာ အကြောင်းပြချက်ပေးကြပါတယ်။ အမှားအမှန်ကိုဆုံးဖြတ်ဖို့ ဝိဝါဒကွဲပြားတာတွေဖြစ်နေပါတယ်။ Pre-emptive ဆိုတဲ့ လက်ဦးမှုကိုရယူပြီး National Interest ဆိုတဲ့ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးက အမှားအမှန်ကိုဆုံးဖြတ်ရာမှာ သူ့ဘက်ကကြည့်တော့ လက်ဖဝါး၊ ကိုယ့်ဘက်ကကြည့်တော့ လက်ဖမိုးဆိုသလို ဆုံးဖြတ်ရခက်ခဲတဲ့ကိစ္စတွေ ဖြစ်လာပါတယ်။

## သိပ္ပံရဲ့အမှား၊ အမှန်

သိပ္ပံပညာရဲ့ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုက အဟုန်ကြီးပါတယ်။ သီးနှံအထွက်တိုးအောင် မျိုးစပ်ပြီး မျိုးသစ်ထုတ်ဖော်တာတွေကို အများက အလွယ်တကူပဲ ကောင်းတယ်၊ မှန်တယ်လို့ ပြောကြပေမယ့် လူသားပုံတူ (Clone) လုပ်တာကြတော့ အခြေအတင်၊ အငြင်းအခုံဖြစ်လာကြရပါတယ်။ သဘာဝကိုလွန်ဆန်တဲ့ အပြင် မိဘ၊ သားသမီးဆိုတဲ့တန်ဖိုးကိုပါ နေရာမပေးတော့တဲ့ ကိစ္စတစ်ခုလို့ စွပ်စွဲသူ

mgyoe.com

mgyoe.com


တွေက စွပ်စွဲကြပါတယ်။ မှန်သလား၊ မှားသလားဆိုတာ တစ်ချိန်မှာအဖြေကို ကာလတစ်ခုက ပေးသွားမှာ ဖြစ်ပါတယ်။ မွေးလာတဲ့ကလေးကို ဖခင် (သို့မဟုတ်) မိခင်နဲ့ တစ်ထေရာတည်းတူအောင် လုပ်နိုင်ပါတယ်။ ပြီးတော့ ဒီနေ့အထိ ပစ်ပယ်လို့ မရသေးတဲ့ 'ဇာတာ'၊ အကောင်းစား 'ကံ' တွေပါအောင်လုပ်ဖို့အတွေးတွေ ရှိနေကြပါပြီ။ သဘာဝကို လွန်ဆန်ပစ်နိုင်တာကတော့ အသေအချာဖြစ်နေပါပြီ။

ကွဲပြားခြားနားတဲ့ အတွေးအခေါ်တွေထဲကတစ်ခုဖြစ်တဲ့ လူတွေရဲ့စိတ်နဲ့ ရုပ်ကို ပြောင်းပစ်ဖို့ကြိုးစားနေကြတဲ့ သဲလွန်စတွေလည်း ရနေပါတယ်။ ပြစ်မှုကျူးလွန်ကြောင်းသိလျက်နဲ့ ကျူးလွန်တဲ့ပြစ်မှုအတွက် အထောက်အထားရှာမရတဲ့ ကိစ္စရပ်မျိုးလည်း ဖြစ်ပါတယ်။ မှားတယ်၊ မှန်တယ်ဆုံးဖြတ်မှုက တစ်ပိုင်းဖြစ်ပြီး၊ မှားတာသိရင်တောင်မှ အပြစ်ပေးမရရင် အဲဒီမှားတာတွေကြီးထွားမှုကိုခွင့်ပေးထားသလို ဖြစ်နေပါတယ်။

## စံနှုန်းအသစ်

ဒုတိယကမ္ဘာစစ်အပြီးမှာ ဆိုးဝါးတဲ့အနိဋ္ဌာရုံတွေကို ရှောင်ရှားနိုင်ဖို့ ကုလသမဂ္ဂကို တည်ထောင်ခဲ့ပါတယ်။ ကမ္ဘာလုံးဆိုင်ရာရနိုင်တဲ့ စံနှုန်းအသစ်ချမှတ်ဖို့ ဖြစ်ပါတယ်။ ယဉ်ကျေးမှုရောနှောတာ၊ သိပ္ပံပညာတိုးတက်မှုရဲ့ရလဒ်တွေကို ကုလသမဂ္ဂက ဝင်စွက်နိုင်ဟန်မရှိပါဘူး။

(၁၉၉၇) အာရှငွေကြေးဂယက်နဲ့ နိုင်ငံတော်တော်များများ စီးပွားရေးကျဆင်းသွားခဲ့ပြီးပါပြီ။ သူဌေးကြီးတစ်ဦးက ဦးဆောင်ပြီး နိုင်ငံတစ်နိုင်ငံရဲ့ ငွေကြေးကို ကစားပစ်လိုက်လို့ပါ။ အသိကြွယ်သူ၊ ခနတော်တင်းသူတစ်ဦးရဲ့ ဆောင်ရွက်ချက်က ဘယ်လောက်အထိ ကြောက်စရာကောင်းသလဲဆိုတာကို ပြသလိုက်တာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် သူ့ကိုယ်သူလုပ်တာ သိရုံကလွဲပြီး ဘာမှလုပ်လို့မရပါဘူး။ သူ့စီးပွားရေး သူလုပ်တာလို့ပဲ ပြောပါတယ်။ ဒါပေမယ့် ရည်ရွယ်ချက်ကို ရခဲ့ပါတယ်။ မှန်သလား၊ မှားသလား၊ ဘယ်လိုဆုံးဖြတ်သင့်ပါသလဲဆိုတာ ပဟေဠိတစ်ပုဒ်ဖြစ်ပါတယ်။

အသိကြွယ်သူ၊ အတတ်ပညာရှိသူတွေ၊ ခနရှိသူတွေ 'စေလိုရာစေ' နိုင်တဲ့ ခေတ် ဖြစ်ပါတယ်။ ဥပဒေ၊ လူမှုရေး၊ ဘာသာရေးနဲ့တိုင်းတာရခက်တဲ့ကိစ္စတွေလည်း ဖြစ်ပါတယ်။ သေချာတာတစ်ခုကတော့ အသိဉာဏ်တိုးတက်လာတဲ့ခေတ်မှာ စံနှုန်းအသစ်တစ်ခု ရှိသင့်တယ်ဆိုတာပဲဖြစ်ပါတယ်။ အဲဒီစံနှုန်းကို ဘယ်လိုသတ်မှတ်မလဲ၊

mgyoe.com

mgyoe.com


ဘယ်သူ သတ်မှတ်မလဲဆိုတာကတော့ ဒုတိယအချက် ဖြစ်ပါတယ်။

## အသိလွန်ခေတ်

ဒီနေ့ခေတ်ကို Knowledge Era အသိခေတ်၊ ပညာခေတ်လို့ ပြောကြပါတယ်။ Post Knowledge Era ဆိုတဲ့ အသိလွန်ခေတ်ရောက်ရင်ရော ဘာတွေဖြစ်လာနိုင်ပါသေးသလဲ။ တချို့က အခုတောင် အဲဒီခေတ်ရဲ့ ခြံစည်းရိုးနားရောက်နေပြီလို့ ပြောနေကြပါပြီ။ သေချာတာတစ်ခုက ဘာသာရေး၊ ယဉ်ကျေးမှု၊ လူမှုရေး စတာတွေ ရောနှောခံရပြီး ကွဲကွဲခံနိုင်မှုအား လျော့နည်းလာမယ်ဆိုတာပဲဖြစ်ပါတယ်။ အခုပဲ ရှေးရှေးတုန်းက တရေးတယူထားခဲ့ကြတဲ့ အိမ်ထောင်ကွဲကွာမှုမျိုးမှာ ထမင်းစားရေသောက်ဖြစ်နေကြကြပါပြီ။ ငါးပါးသီလခံပြီး အရက်သောက်၊ လိမ်ညာမှုဆက်လုပ်တာ နေ့စဉ်အလုပ် ဖြစ်နေကြပါပြီ။

အနာဂတ်ရဲ့ အသိလွန်ခေတ်မှာ စိန်ခေါ်မှုတွေ တသီတတန်းကြီး စောင့်နေမှာဖြစ်ပြီး၊ ခေတ်သစ်စံနှုန်းတွေ မပေါ်သမျှကာလပတ်လုံး National Interest ဆိုတဲ့ ကိုယ်ကျိုးစီးပွားကာကွယ်မှုက အကောင်းဆုံးဆင်ခြေနဲ့ ကိုယ့်ဘက်ကြည့်ရင် အမှန်ဆိုတာပဲဖြစ်နေဦးမှာပါ။

❖

mgyoe.com

mgyoe.com

# ဆွေမျိုးပေါက်ဖော်

30th March 2006

ယာယီခရီးတွေများတတ်တဲ့ ဘမောင်တစ်ယောက် . . . ခရီးထွက်ရမှာ ခပ်ရွံ့ရွံ့ပါ။ ခရီးတစ်ခါထွက်လို့ ရန်ကုန်ပြန်ရောက်ရင် မရှိတဲ့အလုပ်ကလေးတွေ ပုံနေတတ်လို့ပါ။ သည်တစ်ခေါက် ခရီးမထွက်ချင်တာကလည်း အကြောင်းက ရှိနေပြန်ပါတယ်။ အသက်ကြီးတဲ့အမေအပြင်၊ ဘမောင်ရဲ့မြေးတွေနဲ့ တပျော်တပါး ငွေဆောင်ကို စိတ်လွတ်ကိုယ်လွတ် အနားယူဖို့ စီစဉ်ထားလို့ ဖြစ်ပါတယ်။ ဘမောင်ရဲ့ အားချိန်ကိုညှိပြီး ဇနီးသည်က နှစ်လလောက် အစီအစဉ်ဆွဲထားရတာဆိုတော့ ဘမောင်လည်း မိသားစုနဲ့ပဲ သွားချင်ပါတယ်။ အဲသလောက်စီစဉ်ပြီးမှ မတတ်သာလို့ တရုတ်ပြည်ခရီးကိုသွားလိုက်ရတော့ ဘမောင်ဇနီးက 'ရှင့်အလုပ်ချည်းပဲနေရာယူတာ များပြီ' ဆိုတဲ့ လေသေနတ်နဲ့ပစ်တာ ခံလိုက်ရပါတယ်။

**မန္တလေးကဆီမီနာ**

မန္တလေးကို (၁၇.၃.၂၀၀၆) မနက် (၆း၃၀)မှာ Bagan Air နဲ့ရောက်ပါတယ်။ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းက ကမကထလုပ်ပေးတဲ့ Strategic Challenges and Future of Asia Region ဆိုတဲ့ခေါင်းစဉ်နဲ့ ဈေးချိုဟိုတယ်မှာ အဲဒီနေ့ နေ့လည်မှာ လုပ်ပါတယ်။ ဟောပြောတဲ့သူက ADAM University က Dr. Yusra Anas ဖြစ်ပါတယ်။ ADAM University က အမေရိကန် Collorado မှာရှိပါတယ်။ Singapore နဲ့ပူးပေါင်းပြီး စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာတွေကို အငယ်တန်းကစပြီး ပါရဂူတန်းထိသင်ပေးနေတဲ့ ကျောင်းတစ်ခု ဖြစ်ပါတယ်။ ဘမောင်က အဲဒီတက္ကသိုလ်ရဲ့ကျောင်းသားပါ။ ပါရဂူတန်းမှာ သားအရွယ်မရှိ တရှိ ကျောင်းသားနှစ်ယောက်နဲ့ အတူတက်နေရတော့ တစ်ခါတလေ ရှက်သလိုလို ခံစားမိတတ်ပါတယ်။

mgyoe.com

mgyoe.com


မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှာလည်း သူများတွေက နေရာတစ်ခုအတင်းပေးထားတော့ ၂၀၀၆ ခုနှစ်ရဲ့ အသင်းလှုပ်ရှားမှုအနေနဲ့ လုပ်ပေးရတဲ့ Seminar တွေထဲက တစ်ခုဖြစ်ပါတယ်။ ဘမောင်က ADAM University ရဲ့ ကျောင်းသားဆိုတော့ Seminar ကို ဘမောင်ရဲ့ ဆရာ Yusra Anas နဲ့ပဲ အလွယ်တကူညှိနှိုင်းပေးလိုက်နိုင်ပါတယ်။ ဟိုတယ်လုပ်ငန်းတစ်ခုတည်းသာ မဟုတ်ဘဲ စီးပွားရေးတစ်ခုလုံးနဲ့ပတ်သက်တဲ့ အခွင့်အလမ်း၊ စိန်ခေါ်မှု၊ အနာဂတ်အလားအလာတွေ ပါဝင်အောင် ဘမောင်ကိုယ်တိုင်ပဲ အဲဒီ Title ကို ရွေးလိုက်တာ ဖြစ်ပါတယ်။ စီးပွားရေးသမားတွေ နားထောင်သင့်တဲ့ပွဲ ဖြစ်ပါတယ်။ အထူးသဖြင့် အာရှရဲ့ မောင်းနှင်အားဖြစ်တဲ့ China နဲ့ India တို့ရဲ့ပြိုင်ဆိုင်မှုနဲ့ Japan, US ရဲ့ ပညာအခြေခံစီးပွားရေး၊ အာဆီယံကဏ္ဍ အတော်စုံစုံလင်လင် ရှိလှပါတယ်။ Dr. Yusra Anas က ဘမောင်ရဲ့ဆရာဖြစ်သလို Indonesia ရဲ့ အကြီးဆုံး အထည်ချုပ်စက်ရုံရဲ့အကြံပေးလည်း ဖြစ်ပါတယ်။ နိုင်ငံပေါင်း (၈) နိုင်ငံလောက်ကို စီးပွားရေးစီမံခန့်ခွဲမှု ပို့ချမှုပေးသူလည်း ဖြစ်ပါတယ်။

အားလုံး ချောချောမွေ့မွေ့နဲ့ပဲ ပြီးသွားပါတယ်။ မချောမွေ့တာက ဘမောင်နဲ့ ဦးခင်ရွှေ (ဇေကမ္ဘာ)၊ ဦးခင်မောင်ရင် (ကော့သောင်းဟိုတယ်) တို့ပဲ ဖြစ်ပါတယ်။ Seminar မပြီးခင် ခရီးဆက်ဖို့ရှိလို့ပဲ ဖြစ်ပါတယ်။ Emarald Land ဟိုတယ်ပိုင်ရှင် ဦးကိုကိုလေးရဲ့ Isuzu Doublecab နောက်ခန်းမှာ ကြုံ့ကြုံ့လေးထိုင်ပြီး လားရှိုးအထိ ခရီးဆက်ရတာ အရသာတော်တော်ဆိုးပါတယ်။ လားရှိုးကို ညနေ (၆း၀၀) လောက်ရောက်ပါတယ်။ နောက်တစ်နေ့မှာ ဝန်ကြီးချုပ်ကိုယ်တိုင်တက်ရောက်တဲ့ ရန်တိုင်းအောင် ဆုတောင်းပြည့်ဘုရားကြီး ထီးတင်ပွဲကို သွားရပါသေးတယ်။

ရန်တိုင်းအောင် ဆုတောင်းပြည့်ဘုရားကြီးက တော်တော်သပ္ပာယ်ပါတယ်။ ကြီးလည်းကြီးကျယ်တယ်။ တိုင်းမှူးနဲ့ အလှူရှင်တွေ တော်တော်တက်ညီလက်ညီ အပင်ပန်းခံပြီး တည်ဆောက်ထားတာကို ဘုရားကြီးပရဝဏ်ရောက်တာနဲ့ ခံစားနိုင်ပါတယ်။ အဲဒီမှာ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် (ငြိမ်း) ဒေါက်တာလှသန်းနဲ့ တွေ့လိုက်ရပါသေးတယ်။ ဒေါက်တာ လှသန်းက ဘုရားကြီးရဲ့ ဗိသုကာဖြစ်ပြီး ဦးထွန်းမြင့်နိုင် (Asia World) က အဓိက တည်ဆောက်ပေးသူတွေ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ ဒေါက်တာလှသန်းလည်း တရုတ်ပြည်ကို ပါလာပါတော့တယ်။

mgyoe.com

mgyoe.com


## ရွှေလီ

ဘုရားကြီး ထီးတင်ပြီးတာနဲ့ ဘမောင်တို့ လားရှိုးကနေ ခရီးဆက်ရပြန်ပါတယ်။ မူဆယ်ကို နေ့လည်လောက်ရောက်ပြီး Border Pass နဲ့တစ်ဖက်ကို ကူးမယ်ကြံတာနဲ့ တရုတ်ဘက်က နယ်မြေဆိုင်ရာတာဝန်ရှိသူတွေ အဆင်သင့်ကြို နေတာတွေ့ရပါတယ်။ ဘမောင်တို့ ခရီးစဉ်ရဲ့ရည်ရွယ်ချက်က နှစ်နိုင်ငံ ချစ်ကြည် ရေးနဲ့ Tourism Promotion ဆိုတဲ့ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဖြစ်ပါတယ်။

ရည်ရွယ်ချက်အောင်မြင်တာကနောက်မှ၊ တရုတ်တွေရဲ့ဧည့်ဝတ်က သြချရ လောက်အောင် ကျေပွန်တော့ ဘမောင်တို့ အဖွဲ့သားတွေ တစ်ယောက်မျက်နှာ တစ် ယောက်မတိုင်ပင်ဘဲ ကြည့်ဖြစ်ကြရပါတယ်။ ကိုယ့်ဆီလာရင် ဘယ်လောက်တော့ ပြန်ဧည့်ခံသင့်တယ်ဆိုတဲ့ သဘောပါ။

ရွှေလီမြို့လေးကို (၁၉၉၅) ခုနှစ်လောက်က ဘမောင် တစ်ခေါက်ရောက်ဖူးပါ တယ်။ လားရှိုး–မူဆယ်လမ်းက မကောင်းသေးတာရယ်၊ အပျိုဖော်မဝင်သေးတဲ့ ရွှေလီရယ်ကြောင့် ထပ်သွားဖို့အတွက် ဘမောင်ခေါင်းထဲမှာ မရှိခဲ့ရိုးအမှန်ပါ။ တရုတ် တာဝန်ရှိသူတွေက ဘမောင်တို့မြန်မာအဖွဲ့ကို ရွှေလီရဲ့အကောင်းဆုံးဟိုတယ်ဆိုတဲ့ Jingcheng Hotel မှာ နေရာချထားပေးပါတယ်။

Jingcheng ရဲ့ အဆင့်က ရွှေလီထက်ကျော်ပြီး ကောင်းနေတာ ဘမောင် သတိကောင်းကောင်း ပြုမိရပါတယ်။ Singapore, Thailand, Malaysia တွေက ကြယ်လေးပွင့်အဆင့်ကို ပြုံးပြနိုင်တဲ့ဟိုတယ်ပါ။ ဟိုတယ်ရဲ့အခင်းအကျင်း၊ အသုံး အဆောင်ပစ္စည်းတွေက တန်းဝင်ပါတယ်။ တစ်ချိန်က ပစ္စည်းကောင်းသုံးပေမယ့် တည်ဆောက်မှု လက်ရာညံ့လို့ မစပ်ဟပ်ခဲ့ရတဲ့ ရွှေလီဟာ အဲဒီအခက်အခဲတွေကို ကျော်လွှားလိုက်ပါပြီ။ ရွှေလီမြို့လေးဟာလည်း လှချင်တိုင်းလှတဲ့ အပျိုစင်လေးတော့ ဖြစ်နေပါပြီ။ အာဝါသကောင်းမှာ ယောကျ်ားကောင်းရနိုင်တဲ့ ရွှေလီအပျိုမလေးမှာ ဘာသာစကားဆိုတဲ့ Language တစ်ခုတည်းကသာ အခုအခံဖြစ်နေတာ ဘမောင် သတိပြုမိပါတယ်။ ရွှေလီရဲ့ Jingcheng Hotel မှာပဲ ညစာကို ရွှေလီ (Ruili) ရဲ့ မြို့တော်ဝန်က ဧည့်ခံပါတယ်။ အကျွေးအမွေးတင်မက ဖျော်ဖြေရေးတွေပါ ပါတဲ့ အတွက်ကြောင့် 'ကိုယ့်ဆီများလာခဲ့ရင် ...' ဆိုပြီး ဘမောင် ပင့်သက်ချ မိရပါသေး တယ်။

mgyoe.com

mgyoe.com



## သစ်တစ်ပင်တောအုပ်

(၂၀.၃.၂၀၀၆) မှာ နာမည်ကြီး ကြူကုတ်–ဝမ်တိန်တံတားကို လိုက်ပို့ပါတယ်။ တစ်ချိန်က ဗကပတွေ ကြီးစိုးတဲ့ ကြူကုတ်ပါ။ ပြီးတော့ "One tree as Forest" ဆိုတဲ့နေရာကို ခေါ်သွားပါတယ်။ ညောင်ထောက်ပင်ကြီးတစ်ပင်က နေပြီး ပွားသွားလိုက်တာ တောအုပ်တစ်ခု ဖြစ်သွားတဲ့အထိပါ။ အကိုင်းကအောက်ကို ပင်စည်အဖြစ်ပြန်ကျပြီး မြေကြီးမှာအမြစ်တွယ်၊ အကိုင်းပြန်ထွက်၊ အဲဒီအကိုင်းက ပြန်ကျတဲ့ ပင်စည်ပြန်ဖြစ်ပေါ့။

အဲဒီကပြီးတော့ Moli ရေတံခွန်ကို လိုက်ပို့ပါတယ်။ သူတို့စေတနာကို လေးစားပေမယ့် ကျိုက်ထီးရိုးတောင် တက်ရသလိုသွားရလို့ ဘမောင်တို့လူသိုက် အမောဆို့မတတ်ပါပဲ။ မန္တလေးကလားရှိုး၊ လားရှိုးကမူဆယ်၊ ပြီးတော့ ရွှေလီ၊ ပြီးတော့ တောင်တက်၊ နားချိန်ရယ်လို့ မယ်မယ်ရရမရသေးတော့ မြန်မာအုပ်စု တစ်စုလုံး အသံလေးတွေ ထွက်လာဖြစ်ကြပါတယ်။

## လုံချွမ်

Longchuam (လုံချွမ်) ကို (၁၂း၀၀) နာရီလောက်ရောက်ပါတယ်။ Guanshang တောင်ခြေက Jingpo ဆိုတဲ့ လူမျိုးစုရွာလေးမှာ နေ့လည်စာနဲ့ ဧည့်ခံပါတယ်။ တစ်သက်လုံး ဘမောင်မသိသေးတဲ့ဗဟုသုတကို အဲဒီမှာ အံ့သြစွာနဲ့ သိခဲ့ရပါတယ်။ တစ်ချိန်က အဲဒီဒေသမှာ ဂုံရှမ်းလူမျိုးတွေ နေခဲ့ကြပါတယ်။ နိုင်ငံရယ်လို့ ပေါ်လာကြတော့ နယ်မြေဒေသသက်မှတ်ရာမှာ တရုတ်ပြည်မှာလည်း မြန်မာပြည်ကလို ရှမ်းလူမျိုးတွေ အများကြီးပါသွားကြပါတယ်။ ယဉ်ကျေးမှုနဲ့ အဝတ်အစားတွေ သိသာစွာမပျောက်သေးပါဘူး။ ယဉ်ကျေးမှု ရောနှောနေသေးတဲ့ အဆင့်ပဲ ရှိပါသေးတယ်။ အဲဒီအပြင် ကချင်လူမျိုးတွေလည်း အများကြီးပါ။ ရွာအလိုက်၊ ရွာအလိုက်ကို ရှိနေကြတာပါ။ ခပ်ညံ့ညံ့ ဘမောင် သိထားတာက ရှမ်း၊ ကချင်ဆိုရင် မြန်မာပြည်ကိုင်းရင်းသားလို့ပဲ သိထားတာ၊ ရှမ်း၊ ကချင်ဆိုတဲ့ လူမျိုးစုကြီးက မြန်မာ၊ တရုတ်၊ ယိုးဒယားတွေမှာ အများကြီး၊ သူတို့လူမျိုးစုထဲမှာကို ပါနေတဲ့လူမျိုးတွေဖြစ်တာ အဲဒီကျမှပဲ ဘမောင်သိရတော့တယ်။ နိုင်ငံရဲ့ ယဉ်ကျေးမှုကိုလိုက်လို့ သူတို့ ရှမ်းနဲ့ကချင်တွေဟာ ဘမောင်တို့ဆီကလို ရှေးရိုးတွေမဟုတ်တော့ဘူး။ ခါးတစ်ပိုင်းပြတ်ကလေးတွေ ဖြစ်နေကြပြီ။ ခါးကို လက်လေးလုံးမကဘူး ဖော်ထားတာနော်။

mgyoe.com

mgyoe.com



ဆက်တိုက်ပင်ပန်းရတဲ့ နေ့တွေပါ။ Longchuam ကနေတစ်ဆင့် Yingjiang ကို ခေါ်သွားလိုက်ပါသေးတယ်။ ဘုမသိ၊ ဘမသိနဲ့ နှစ်မိုင်လောက် လမ်းလျှောက်လိုက်ရတာ မမေ့နိုင်အောင်ပါပဲ။ မော်တော်ယာဉ်ပေါ်ကဆင်းတော့ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့က ကြိုတယ်။ ပြီးတော့ ဝါးပင်တွေ ဘယ်၊ ညာ တစ်ဖက်စီ ထူထူထဲထဲပေါက်နေတဲ့ လမ်းလေးအတိုင်းခေါ်သွားလိုက်တာ ခရီးက မဆုံးနိုင်အောင်ပဲ ဖြစ်ပါတယ်။ ခရီးလည်းဆုံးရော တော်တော်လေးကျယ်တဲ့ Yingjiang မြစ်ကြီးကို ကန့်လန့်ဖြတ်ထားတဲ့ဝါးတံတားပေါ် ဖြတ်လျှောက်ခိုင်းတော့ တာပဲ။ ဘမောင်တို့မြန်မာပြည်ကနဲ့ဆိုရင် 'ဦးပိန်' တံတားနဲ့ တင်စားလို့ရမယ် နဲ့တူတယ်။ 'ဦးပိန်' တံတားက ကျွန်းတိုင်ကြီးတွေနဲ့ အခိုင်အခံ့ဆောက်ထားလို့ အခိုင်အခံ့ အတွက်စိတ်မှာ စိုးရိမ်စိတ်မဝင်ဘူး။ အဲဒီ ခနော်နီ၊ ခနော်နဲ့ ဝါးတံတားကို လျှောက်ရတော့ တံတားအနှံ့မှာ စိတ်ထဲ မရဲတရဲ ဖြစ်ခဲ့ကြရပါတယ်။ တော်သေး တယ်၊ အောက်ခြေကြည့်လိုက်တော့ ရေကခပ်ပါးပါးလေး၊ အနက်ဆုံးနေရာကမှ 'ခါး' လောက်ဆိုတော့ ရေမကူးတတ်တဲ့ ဘမောင် စိုးရိမ်စိတ်က သက်သာသွားရပါ တယ်။ မိုးတွင်းမှာ ရေစီးသန်ပြီး ဘမောင်တို့ရောက်တဲ့အချိန်မှာ ရေခမ်းတဲ့အချိန် ဖြစ်နေတာ။

အဲဒီတံတား ဖြတ်လျှောက်ကြတဲ့အချိန်ထိ ဘမောင်တို့အုပ်စု နည်းနည်းလေး မှ မသက်သာသေးဘူး။ တရုတ်တွေကလည်း အစီအစဉ်အပြည့်ဆွဲထားတယ်။ ကိုယ်ပိုင်ချိန်လေးတောင် ထည့်မဆွဲပေးထားဘူး။ မနက်စောစောထ၊ ကားစီးပြီး ခရီးဆက်၊ လမ်းလျှောက်၊ တောင်တက်၊ ညမိုးချုပ်မှ ဟိုတယ်ပြန်ဝင်။

## ယဉ်ကျေးမှုအတွန်းအတိုက်

ကမ္ဘာကြီးမှာ နောက်ဖြစ်လာမှာက Cultural Shock ဆိုတဲ့ ယဉ်ကျေးမှု တွန်းတိုက်မိခြင်းတဲ့။ အခုတောင်မှ စနေပြီ။ တရုတ်ပြည်မှာလည်း ဘမောင်တို့ ကြုံနေရတယ်။ ရှမ်းရွာနဲ့ ကချင်ရွာတွေမှာ အရက်ကို လှိုင်လှိုင်တိုက်တယ်။ စီးကရက် ဆိုလည်း တစ်လိပ်ပြီး တစ်လိပ်တိုက်နေလို့ ဆေးလိပ်ကြိုက်တဲ့ ဘမောင်တောင် လက်မြှောက်ယူရတယ်။

အရက်ဆို ခေါင်ရည်တစ်ခွက်၊ မော်ထိုင်းတစ်ခွက်၊ ဝိုင်တစ်ခွက်၊ အဲဒီသုံးခွက် ကို ထမင်းဝိုင်းရဲ့ တစ်ဦးချင်းရှေ့မှာ ချထားပေးတာ။ တစ်ဖက်နဲ့တစ်ဖက် စကားနည်း နည်းပြောလိုက်၊ 'ကမ်းပေ့' ဆိုပြီး ပြိုင်တူသောက်လိုက်၊ အရက်ငှဲ့ သူက ထပ်ဖြည့်

mgyoe.com

mgyoe.com


လိုက်၊ ခွက်ကုန်မှောက်လိုက်၊ ထပ်ဖြည့်လိုက်နဲ့။

ပြဿနာက ဘမောင်ပဲ။ အရက်အရသာကို မကြိုက်တတ်တဲ့ ဘမောင်. . . ဒုက္ခကောင်းကောင်းတွေ့ရတဲ့ အချိန်တွေပေါ့။ အနောက်နိုင်ငံတွေမှာလည်း အရက်ယဉ်ကျေးမှုရှိပါတယ်။ ဒါပေမယ့် 'ဖြီး' လို့ရတယ်။ နှုတ်ခမ်းပိတ်ပြီး 'မော့' ချင်ယောင်ဆောင်လိုက်ရင် ပြီးသွားတယ်။ ကျန်တာက ကိုယ့်ဘာကိုယ် ဆက်သောက်ချင်သောက်၊ မသောက်ချင်နေ။

တရုတ်တွေရဲ့ယဉ်ကျေးမှုက နည်းနည်းမတူဘူး။ ခွက်ထဲမကုန်မချင်း ဆက်သောက်ခိုင်းတယ်။ တချို့ခေတ်မီတဲ့သူတွေကတော့ သိပ်မတွန်းပါဘူး။ ဦးခင်ရွှေ (ဇေကမ္ဘာ) လည်း အရက်ကြိုက်ဟန်မတူပါဘူး။ သူကတော့ 'ရှောင်' မရတဲ့အတွက်တော်တော်သောက်ပေးလိုက်ရတယ်။ 'မော်ထိုင်း' ကပြင်းတယ်။ နှစ်ခွက်၊ သုံးခွက်ဆင့်သောက်လိုက်ရတဲ့ ဦးခင်ရွှေလက်ချောင်းလေးတွေ 'တုန်' သွားတာ ဘမောင်သတိထားမိလိုက်တယ်။ လိုက်လျောညီထွေစွာ ကြိုးစားပြီးနေပေးတဲ့ ဇေကမ္ဘာကြီးပါ။

တရုတ်မလေးတွေနဲ့ လက်ချင်းချိတ် 'ကမ်ပေ့' ဆိုပြီး ခွက်မှောက်သောက်ရတာ တကယ်ဆိုမလွယ်ပါဘူး။ အဲဒီတော့ မသိမသာနောက်ဘက် 'ဝိုင်း' ကိုဘမောင် ရှောင်ထွက်ရတယ်ပေါ့။ မန္တလေးဇုံဥက္ကဋ္ဌလုပ်တဲ့ ကိုအောင်ခိုင်က ပွဲကိုထိန်းသွားပါတယ်။ ပျော်တတ်တဲ့၊ အရွှတ်အနောက်တတ်တဲ့ ကိုအောင်ခိုင်မပါရင်ပွဲ ာသိပ်စည်မှာမဟုတ်ဘူး။ ဘမောင်တို့က ကိုအောင်ခိုင်ကို 'မင်းသားကြီး' လို့ခေါ်တယ်။ ပွဲထိန်းကောင်းလို့။ ဘမောင် မသောက်နိုင်တဲ့ခွက်ကို သူသောက်ပြီးသားခွက်နဲ့လဲပေးရင်း ဘမောင်အတွက် နှစ်ဆသောက်ပေးတဲ့ 'မင်းသားကြီး' ကို ကျေးဇူးတင်ပါတယ်။

## ပေါင်ချိန်

(၂၁.၃.၂၀၀၆) နေ့ကတော့ ဘမောင် စိတ်အဝင်စားဆုံးနေ့ပဲ ဖြစ်ပါတယ်။ တခြားသူအတွက်တော့ မပြောတတ်ဘူး။ Namdian မှာရှိတဲ့ ရှေးဟောင်းအဆောက်အဦးတစ်ခုကို ခေါ်သွားလို့။ TV ဇာတ်လမ်းတွဲမှာ အာရုံဖမ်းစားခဲ့တဲ့ 'ပေါင်ချိန်' ကို ပြန်မြင်မိလို့။ တစ်ထေရာတည်း၊ တစ်ထပ်တည်းပဲ။

တစ်ချိန်က ရှမ်းလူမျိုးစု နယ်စားကြီးရဲ့ စံအိမ်တော်နဲ့ တရားစီရင်တဲ့နေရာ။ တရားစီရင်တဲ့နေရာက TV မှာတွေ့ရတဲ့အတိုင်းပဲ။ အဆောင်အယောင်၊ အပြင်

mgyoe.com

mgyoe.com


အဆင်၊ အနေအထားအားလုံး တစ်ထေရာထဲပဲ။ အိမ်တော်နဲ့ ပရဝဏ်တစ်ခုလုံးကို (၁၈၅၄) ခုနှစ်မှာ စပြီးတည်ဆောက်ခဲ့တယ်။ (၁၉၉၆) ကျတော့ နိုင်ငံတော်က ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးအဆောက်အဦး စာရင်းထဲထည့်လိုက်တယ်။ ဘမောင်တို့ရောက်တော့ ပျက်စီးတာတွေကို ပြင်ဆင်နေကြပြီး Tourist Attraction ဖြစ်တဲ့နေရာပါ။ အဲဒီအခါက 'ချင်း' မင်းဆက် ဖြစ်ပါတယ်။ စော်ဘွားက အာဏာပိုင် အဖွဲ့အစည်းမှာ ရာထူးအစဉ် '၄' ဖြစ်ပါတယ်။ ဥပဒေပြုအာဏာ ပေးထားထား တယ်။ တရားစီရင်ရေးအာဏာပေးထားတယ်၊ အုပ်ချုပ်ရေးအာဏာပေးထားတယ်။

ဘမောင်တို့ ရောက်တဲ့နေရာက စော်ဘွားကြီးနေရာဆိုတော့ သူ့အောက်မှာ စော်ဘွားလေးတွေ ရှိကြပါသေးတယ်။ နယ် မြေ (၉) ခု (၁၀) ခု စော်ဘွားတွေရဲ့ အကြီးအကဲ ဖြစ်ပါတယ်။ အချုပ်ခန်းရှိသလို၊ စာသင်ခန်းလည်းရှိတယ်၊ မိဖုရား အဆောင်တွေလည်း သူ့အခန်းနဲ့သူပဲ။ သားတော်ရရင် အပိုင်စားရတဲ့အခြမ်းနဲ့ သမီး တော်မွေးရင် နေရတဲ့အခြမ်းဆိုပြီး ဘယ်၊ ညာ ခွဲထားသေးတယ်။ အားလုံးစနစ်တကျ နဲ့။ စော်ဘွားအဆက်ဆက် ဓာတ်ပုံနဲ့အသုံးအဆောင်တွေကို အခန်းတစ်ခန်းမှာ ပြထားတယ်။

ပြင်သစ်က 'ဗာဆိုင်းနန်းတော်' ဆိုတာ Tourist တွေ ကြိတ်ကြိတ်တိုးတဲ့ နေရာဖြစ်ပြီး၊ ဝင်ကြေးကတင် ပြင်သစ် 'ဖရန့်' နှစ်ဆယ်ထင်တယ်။ နန်းတော်က ကြီးကျယ်သလို ပန်းချီ၊ ပန်းပုတွေ၊ ကနုတ်တွေက လက်ရာအရမ်းမြောက်တယ်။ နန်းတော်အနောက်မှာ ရေကန်အကြီးကြီးနဲ့ တစ်မျှော်တစ်ခေါ်တောအုပ်ကြီးကို ဖန်တီး ထားတယ်။ ဘုရင်ကမြင်းစီးပြီး တောအုပ်အဆုံးမှာ အမဲလိုက်ဖို့ သားကောင်လေး တွေကို လွှတ်ထားပေးသေးတယ်။ ယဉ်ကျေးမှုကြီးကျယ်ပြီး လက်ရာအရမ်းမြောက် လို့ သည်နေ့အထိ Tour Destination တစ်ခုအဖြစ် ကြိတ်ကြိတ်တိုးနေဆဲပါ။

တရုတ်က စော်ဘွားကြီးရဲ့နန်းတော်ကလည်း ပြင်သစ်လောက်မခမ်းနား ပေမယ့် သူ့အထွာနဲ့သူပါ။ သူ့ယဉ်ကျေးမှုနဲ့သူပါ။ မြန်မာလူမျိုးတွေအတွက် 'ပေါင် ချိန်' ဇာတ်လမ်းတွဲတွေက မိတ်ဆက်ထားပေးပြီးလို့ အဲဒီအဆောက်အဦးကိုတော့ မြန်မာတွေ အားလုံးလောက် စိတ်ဝင်တစား ဓာတ်ပုံရိုက်၊ ကြည့်လိုက်ကြတာ သတိ ကောင်းကောင်းထားမိပါရဲ့။

## ထိန်ခြုံး

ဘမောင်တို့ ခရီးဆက်ဖြစ်လိုက်ကြတာ ညနေလောက်မှာ 'ထိန်ခြုံး' ဆိုတဲ့

mgyoe.com

mgyoe.com


မြို့ကို ရောက်ပါတယ်။ Tourism Promotion အရ 'ထိန်ချုံး-မြစ်ကြီးနား' ကားလမ်းဖောက်ဖို့ လူကြီးတွေ စီစဉ်ကြတာ မှတ်သားဖူးပါတယ်။ Tengchong က မြို့ကြီးတစ်မြို့ ဖြစ်ပါတယ်။ မြစ်ကြီးနားနဲ့နီးတယ်လို့ ပြောကြတယ်။ ထိန်ချုံး မြို့တစ်ဝိုက်မှာ မီးတောင်သေတွေ ဝိုင်းရံနေတယ်။ အဲဒီတော့ Hot Spring ဆိုတဲ့ ရေပူစမ်းတွေ ရှိတယ်ပေါ့။ တာဝန်ရှိသူက ဈေးကွက်စီးပွားရေးအရ ကုမ္ပဏီကြီးတစ်ခု ကို လုပ်ပိုင်ခွင့်ပေးထားတယ်။ အဲဒီကုမ္ပဏီက ခေတ်မီအဆောက်အဦးကောင်းကောင်း ကို ဒီဇိုင်းလှလှနဲ့ဆောက်ထားတယ်။ အတွင်းအပြင်အဆင်ရော၊ အပြင်ဒီဇိုင်းရော၊ အခင်းအကျင်းရောပါ အနောက်နိုင်ငံကိုရင်ဆောင်တန်းနိုင်တဲ့နေရာလေးပါ။ ဗိသုကာ ရှုထောင့်ကပြောရင် Space Frame နဲ့ Sky Light ရအောင်ပေးထားလို့ ဆွဲဆောင် မှုရှိနေပါတယ်။

မြန်မာတွေပဲ သိတယ်မို့လား၊ ရေတစ်ခါချိုး ဘယ်လောက်ကျသလဲ မေး လိုက်တော့ ဘယ်သူမှ သိပ်မလှုပ်ကြတော့ဘူး။ တစ်ခါချိုးရင် မြန်မာငွေ နှစ်သောင်း ရှစ်ထောင်လောက် ကျတယ်တဲ့။ အဆောက်အဦးထဲဝင်ကြည့်ပြီး မလှမ်းမကမ်းက တောင်ငယ်လေးပေါ် ဘမောင်တို့ကို ခေါ်သွားတယ်။ အဲဒီက ရေပူစမ်းကတော့ တော် တော်ပြင်းတယ်။ ရေချိုးလို့မရဘူး။ အပူချိန် (၁၀၂°) စင်တီဂရိတ်အထိ ရှိတယ်တဲ့။ နွားတစ်ကောင်ကျသွားတာ (၁၀) မိနစ်နဲ့ အသား 'မှည့်' သွားတယ်လို့ Guide ရှင်းပြရှာတယ်။ တကယ်တော့ အသား 'ကျက်' သွားတာပါ။ ကြက်ဥကို ရေထဲ ထည့်စရာမလိုဘူး။ အငွေ့နဲ့တင် ကျက်တယ်။

အဲဒီရောက်တော့ ညနည်းနည်းမှောင်နေပြီ။ အဆင်းအတက် ဝဲ၊ ယာကို Landscape လုပ်ထားတာကောင်းတယ်။ ပြီးတော့ သစ်ပင်တွေကြားမှာ Speaker ဖွက်ထားပြီး တီးလုံးလေးတွေ လွှင့်ပေးထားတယ်။ တရုတ်တွေ ခေတ်မီနေပြီဆို တာပြတာ။ ထိန်ချုံးမှာ International Airport လုပ်မယ်တဲ့။ မြို့ကိုတော်တော် ချဲ့ပြီး အနာဂတ်အတွက် သေသေချာချာပြင်ဆင်ထားတယ်။ (၂၄) နာရီ မီးရတယ်။ ဓာတ်ကြိုးတွေကို မြေမြှုပ်ထားတယ်။ အဆောက်အဦးမရှိသေးမယ့် မြို့ကွက်တွေ ဖော်ထားပြီး လမ်းနဲ့မီးတိုင်တွေ အရင်စိုက်ထားပေးထားတယ်။ လက်ကိုင်ဖုန်း အရောင်းဆိုင်တွေ ပလူပျံနေတာပဲ။ အနောက်ဘက်က ကြော်ငြာပိုစတာကြီးတွေ နေရာတိုင်းမှာ၊ အပျံသင်စ ထိန်ချုံးတောင် မဟုတ်တော့ဘူးနဲ့တူတယ်။ အလားအလာ ကောင်းတွေကို စီးပွားရေးသမား မျက်စိနဲ့ မြင်နေရပါတယ်။

ဟိုတယ်ပြန်ရောက်တော့ ည (၉) နာရီလောက် ရှိပါပြီ။ မြန်မာပြည်က

mgyoe.com

mgyoe.com



ထွက်လာကတည်းက လမ်းချည်းလျှောက်နေရတာဆိုတော့ မြန်မာတွေ တော်တော် အညောင်းမိသွားကြတယ်။ မြန်မာတွေ ဟိုတစ်စု၊ ဒီတစ်စုနဲ့ ဟိုတယ်နားက Foot Massage ကို သွားဖြစ်ကြပါတယ်။ တစ်နာရီခွဲကို ယွမ် (၃၀) ပေးရတယ်။ မြန်မာ ပြည်ကဈေးနဲ့ မကွာပါဘူး။ Massage Palour ကိုရောက်တော့ မြန်မာအမျိုးသမီး လေးတွေကို တအံ့တသြ တွေ့လိုက်ရပါတယ်။ ထိန်ခြိုးမှာ မြန်မာတွေ အများကြီးပဲ တဲ့။ တချို့ နှစ်တောင် တော်တော်ကြာနေကြပြီ ပြောတယ်။ ဘမောင်ကို Massage လုပ်ပေးတဲ့ကလေးမက 'မကွေး' ကတဲ့။ မောင်လေးနဲ့ ညီမလေး ကျောင်းတက်ဖို့ ငွေလာစုတာပြောတယ်။ ဘ၀ဆိုတာ သည်လိုပဲ။ နယ်ခြားမြေခြားမှာ ကိုယ့်လူမျိုး တွေ့လိုက်ရတော့ ဝမ်းသာသလို၊ ဝမ်းနည်းသလိုခံစားရတယ်။ Bonus များများ ပေးလိုက်ပါတယ်လေ။

ထိန်ခြိုးရဲ့ညက တော်တော်အေးတယ်။ တောင်တွေ ဝိုင်းရံနေလို့လား မသိ ဘူး။ အနွေးထည်ပါမသွားတဲ့ ဘမောင်တစ်ယောက် နိုးတစ်ဝက်နဲ့ မနက်မိုးလင်းခဲ့ ရပါတယ်။

## မန်စီ

(၂၂.၃.၀၆) မှာ ဘမောင်တို့လူသိုက် ထိန်ခြိုးကနေ မန်စီ (Mangshi) ကို ခရီးဆက်ခဲ့ရပါတယ်။ မန်စီကို နေ့လည် (၁၁း၀၀) နာရီမှာ ရောက်တယ်။ တရုတ်– မြန်မာ ချစ်ကြည်ရေးခန်းမမှာ နေ့လည်စာ ကျွေးပါတယ်။ ထုံးစံအတိုင်း တစ်ဖက်နဲ့ တစ်ဖက် ချစ်ကြည်ရေးစကားတွေ ပြောကြရပါတယ်။ ပြီးရင် အရက်သောက်ကြရပါ တယ်။ စီးကရက်သောက်ကြရပါတယ်။ ကြာတော့ သူတို့ကျွေးတဲ့ထမင်းစားရမှာ ဘမောင်ကြောက်လာပါတယ်။ အရက်မသောက်တတ်တော့ ရှောင်၊ ရှောင်ပြေးနေရ လွန်းလို့ပါ။

အဲဒီမှာ ဒုမြို့တော်ဝန်ဆိုတာကို တွေ့ဖူးပါတယ်လို့မှတ်တယ်၊ လား . . . လား . . . ရုပ်ရှင်သရုပ်ဆောင် လူမင်းမှ တကယ့်လူမင်းပဲ။ အသက်ကလည်း မတိမ်းမယိမ်း၊ အရပ်ကလည်း မတိမ်းမယိမ်း၊ မျက်နှာအကျနဲ့ ကိုယ်လုံးကိုယ် ပေါက်ကလည်း မတိမ်းမယိမ်း၊ တော်တော့ကို တူတယ်။ လူတူမရှားဆိုတာ တော် တော်မှန်တာပဲ။ အဲဒါမျိုး ဘမောင် တစ်ခါကြုံဖူးသေးတယ်။ ဈေးကွက်စီးပွားရေး အစမှာ Australia က ကျောက်ကုန်သည်တစ်ဦးက ဘမောင်ရဲ့စီးပွားဘက်။ မြန်မာ ပြည်က အနီ၊ အပြာ လာဝယ်တာ၊ ဗိုလ်ချုပ်ဈေးသွားလည်တော့ Harrison Ford

mgyoe.com

mgyoe.com


လာတယ် ဆိုပြီး ဝိုင်းအလိုက်ခံလိုက်ရသေးတယ်။ တခြားနိုင်ငံမှာလည်း သူ ဒါမျိုး အမြဲအကြုံခံရတယ်တဲ့။ ဟုတ်တယ်၊ သူလည်း Harrison နဲ့ တော်တော့ကို တူတယ်။ Raiders of the Lost Ark နဲ့ Harrison Ford ကလည်း အဲဒီအချိန်မှာ နာမည်ကြီးနေတာ။

အဲဒီ တရုတ်လူမင်းက သွက်သွက်လက်လက်ပဲ။ ပြောရဲဆိုရဲ၊ ဆုံးဖြတ်ရဲတယ်။ ခရီးသွားမြှင့်တင်ရေးကိုလည်း တော်တော်စိတ်ပါပုံပဲ။ မြန်မာပြည်က လူမင်းတော့ မပြောတတ်ဘူး။ တရုတ်လူမင်းက အရက်တော့ တော်တော်သောက်နိုင်တယ်။

မန်စီဟာ အုပ်ချုပ်မှုမြို့ဖြစ်ပါတယ်။ ရွှေလီနဲ့အပြိုင် တိုးတက်နေတဲ့မြို့ ဖြစ်ပါတယ်။ မြို့အပြင်အဆင်၊ ရောင်းဝယ် ဖောက်ကားတာတွေကိုကြည့်ရင် အပျံသင်စကို အများကြီးဖြတ်ကျော်ခဲ့ပြီးတာ တွေ့နိုင်ပါတယ်။ International Airport အတွက် တိုးချဲ့မှုတွေ လုပ်နေပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဒလဟော စီးဝင်နေပါတယ်။ တရုတ်မလေးတွေရဲ့ ဝတ်စားဆင်ယင်မှုကိုကြည့်ရင် အနောက်ဘက်ယဉ်ကျေးမှုကို လက်ခံနေပြီဆိုတာ မြင်သာနေပါတယ်။

အုပ်ချုပ်မှု မြို့တော်ဆိုတော့ အလားအလာကောင်းတွေ တော်တော်တွေ့နေရပါတယ်။ ရွှေလီက နာတစ်ဖျားသာသွားတဲ့အတွက် မန်စီရဲ့ တာဝန်ရှိ အုပ်ချုပ်ရေးမှူးက ပြည်မအစိုးရဆီ လုံလောက်တဲ့ Budget ကို တင်တောင်းပြီး၊ မြို့ကို အစွမ်းကုန်ချဲ့နေတာ သတိထားမိပါတယ်။ မြို့ကို လက်တန်းလုပ်ထားတာမဟုတ်ပါဘူး။ Urban Planning ဆိုတဲ့ မြို့ပြစီမံကိန်းနဲ့အညီ ဗိသုကာနဲ့ စီမံကိန်းရေးဆွဲပြီး တည်ဆောက်၊ ချဲ့ထွင်နေတာ ဖြစ်ပါတယ်။ ရေ မီး ပူစရာမရှိပါဘူး။ လမ်းတွေ ညီညာပြန့်ပြူးနေပါတယ်။ လမ်းတွေ၊ ပန်းခြံတွေမှာ အရင် ရင်းနှီးမြှုပ်နှံထားပါတယ်။ ညဘက် ကားမီးထိုးစရာမလိုဘဲ မောင်းလို့ရပါတယ်။ ကားလမ်းဆော လူသွားစင်္ကြံမီးတွေလည်း ထိန်ထိန်ညီးနေပါတယ်။ လမ်းတွေမှာ အပေါက်အပြဲ လုံးဝမရှိပါဘူး။ FDI . . . Foreign Direct Investment ဆိုတာ Infrastructure ကို ကြည့်ပါတယ်။ ဥပဒေကို ကြည့်ပါတယ်။ Policy ကို ကြည့်ပါတယ်။ ငွေကြေး ဝန်ဆောင်မှု Banking System ကိုလည်း မေ့မထားပါဘူး။ မန်စီမှာ အဲဒါတွေ အကုန်ပြည့်စုံနေပါတယ်။

နေ့လည် (၁၂:၃၀) မှာ Xinzheng Hotel ရဲ့ ဒုတိယထပ် Ballroom မှာ နှစ်ဖက်အစည်းအဝေးလုပ်ကြပါတယ်။ ဒေသရဲ့ ပါတီအထွေထွေအတွင်းရေးမှူး ကိုယ်တိုင်တက်ပါတယ်။ သူတို့ဆီမှာ ပါတီကဦးဆောင်ပါတယ်။ ဒါပေမယ့် လုပ်ပိုင်

mgyoe.com

mgyoe.com


ခွင့်တွေ အပြည့်ပေးထားပါတယ်။ ဆုံးဖြတ်ပိုင်ခွင့်တွေလည်း ပေးထားပါတယ်။ မြို့ရဲ့အုပ်ချုပ်ရေးမှူးများက ပါတီအောက် တစ်ဆင့်နိမ့်ပါ။ ပါတီက Policy ဆိုတဲ့ မူဝါဒပေးပါတယ်။ အုပ်ချုပ်ရေးမှူးနဲ့ မြို့တော်ဝန်က မြို့တော်စည်ပင်သာယာရေးနဲ့ စီးပွားတိုးတက်ကောင်းမွန်ရေး၊ လူနေမှုအဆင့်မြင့်မားရေး၊ ပညာရေးစတာတွေကို စီမံခန့်ခွဲကြပါတယ်။ အားလုံးကြည့်ရတာ တက်ညီလက်ညီပါပဲ။

ထုံးစံအတိုင်း Formal Meeting ဆိုတော့ နှစ်ဖက် အမှာစကားပြောကြပါတယ်။ ပြီးတော့ အရင်ဆွေးနွေးခဲ့တာတွေကို Summary of Minutes အနေနဲ့ စုစည်းပြီး လက်မှတ်ထိုးကြပါတယ်။ စီးပွားရေး အပြန်အလှန် ပူးပေါင်းမှု၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ချစ်ကြည်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေးတွေကို တော်တော်စိတ်အားထက်သန်ကြပုံပါပဲ။ အားလုံးက ချောချောမွေ့မွေ့ပါပဲ။ ပြီးတော့ ဓာတ်ပုံစုရိုက်ကြပါတယ်။

အဲဒီညမှာ Runmei ဆိုတဲ့ စားသောက်ဆိုင်မှာ Dehong Government က ညစာနဲ့ဧည့်ခံပါတယ်။ သူတို့ဆီမှာတော့ ပြည်နယ်အစိုးရလို့ခေါ်ပါတယ်။ ပြည်နယ်တွေမှာ သီးခြားအစိုးရရှိပါတယ်။ ပါတီအထွေထွေအတွင်းရေးမှူး ကိုယ်တိုင်တက်ပါတယ်။ ဖျော်ဖြေရေးမှာ ရှမ်းမလေးတွေ အများကြီးပါ။ တရုတ်လိုနဲ့ ရှမ်းလိုပြောတဲ့ ရှမ်းလူမျိုးတွေဖြစ်ပါတယ်။ မြန်မာပြည်က ရှမ်းတွေနဲ့ အသွင်သဏ္ဌာန် နည်းနည်းခြားသွားပါတယ်။ တရုတ်ဒေသမှာနေတဲ့ ရှမ်းဖြစ်လို့ တရုတ်သွင်ပြင်ဘက် နည်းနည်းပိုသွားပုံပါပဲ။

မြန်မာ့ယဉ်ကျေးမှု အဝတ်အစားနဲ့လည်း ဖျော်ဖြေပါသေးတယ်။ ရှမ်းအိုးစည်ကိုလည်း အသားပေးပါတယ်။ ထုံးစံအတိုင်း နောက်ဆုံးညလည်းဆိုတော့ အရက်ကိုတော့ တင်းကျမ်းပဲတိုက်ပါတယ်။ 'ကမ်ပေ့' ပြောလိုက်၊ ခွက်ကုန်သောက်လိုက်နဲ့၊ 'ကမ်ပေ့' ပြောလိုက်၊ လက်ချင်းယှက်ပြီး ခွက်ကုန်သောက်လိုက်နဲ့ ပျော်စရာကောင်းပေမယ့် မူးစရာလည်းတော်တော်ကောင်းတဲ့ည ဖြစ်ပါတယ်။ ပြီးတော့ မြန်မာအဖွဲ့နဲ့ ရှမ်းမလေးတွေတွဲပြီး ကကြပါသေးတယ်။ ထုံးစံအတိုင်း မင်းသားကြီး ကိုအောင်ခိုင်က 'မြနန္ဒာ' သီချင်းနဲ့ မြန်မာအဖွဲ့စုပြီး ပြန်ဖျော်ဖြေပါတယ်။ မြနန္ဒာသီချင်းက တီးလုံးလည်းမြိုင်၊ စာသားလည်း ကောင်းဆိုတော့ တရုတ်တွေ တော်တော်သဘောကျသွားကြပါတယ်။ ခရီးစဉ်အားလုံး ချောချောမွေ့မွေ့ပါပဲ။ အားလုံးလည်းအဆင်ပြေကြပါတယ်။

ဘမောင်တို့ခရီးမှာ ပြောစမှတ်တစ်ခုတော့ ရှိသွားတယ်။ ဟိုတယ်ရောက်

mgyoe.com

mgyoe.com


တော့ ဘမောင်လည်း မောမောရှိတာနဲ့ တစ်ချိုးတည်းအိပ်ပစ်လိုက်တာ အဲဒီ ပြောစမှတ်ကို မနက်ကျမှပဲ သိရတော့တယ်။ ဒီတရုတ်ခရီးမှာ မြန်မာစုစုပေါင်း (၂၀) လောက်ပါတယ်။ အဲဒီထဲက (၂) ယောက် ရုတ်တရက်ပျောက်သွားတယ်။ ပထမ တော့ သားအဖပျောက်တာဆိုတော့ အတူ Shopping ထွက်သွားတယ်ပဲထင်တာ။ ည (၁၂း၀၀) ထိုးတော့ ဟိုတယ် Lobby မှာ သားလုပ်သူက ငုတ်တုတ်ထိုင်စောင့် နေတာ တွေ့ရတယ်တဲ့။ မန္တလေးကအဖွဲ့တွေကမေးတော့ တခြားဟုတ်ရိုးလား၊ သူ့အဖေကို စိတ်ပူလို့စောင့်နေတာဆိုပဲ။ ပြောင်းပြန်ပေါ့နော်။ သားက အဖေကို စိတ်ပူလို့စောင့်တာတဲ့။ မနက်ကားပေါ်ရောက်တော့ ပျောက်သွားတဲ့သူကို ဝိုင်းမေး ကြတယ်။ ဘယ်ရောက်သွားတာလဲလို့။ သားကတော့ပြုံးနေရှာတယ်။ နာမည်ကြီး ဆောက်လုပ်ရေးသမားထဲက တစ်ဦးပဲလို့ မှတ်လိုက်ပါတော့။ ရန်ကုန်ရောက်ရင် စာထဲထည့်ရေးမယ်လို့ နောက်တော့ အဲဒီသူက ခပ်ပြုံးပြုံးပဲ ... ။

ဒီတစ်ခေါက် တရုတ်ပြည်ခရီးစဉ်မှာ သားကအဖေကိုပြန်စောင့်ရတာ ပြောစမှတ်ဖြစ်သွားပါတယ်။ နောက်ဆိုရင် သားတွေ၊ ညီတွေခေါ်မလာကြနဲ့ပေါ့။

*ရွှေအမြုတေ (၉/ ၂၀၀၆)*

❖

mgyoe.com

mgyoe.com

# ညံ့သော်လည်းမဖျင်းစေ

19th June 2006

ဆားမပါတဲ့ဟင်းဟာ 'ပေါ့' တတ်ပါတယ်။

အချင်းမပါတဲ့ 'အဆင်း' ဟာလည်း 'သော့' တတ်ပါတယ်။

အတွေးမနက်တဲ့ 'အရေး' ဟာလည်း 'လျော့' တတ်ပါတယ်။

နာရီနဲ့အမျှ ပြောင်းလဲနေတဲ့ ကမ္ဘာကြီးမှာလည်း အရည်အချင်းနည်းရင် 'ထော့' တတ်ပါတယ်။ MBA ကျောင်းသားတွေ နပန်းလုံးခဲ့ကြရတဲ့ Porter's Five Forces တို့ Porter's Diamond Theory တို့ဟာ အလကားပေါ်လာတာ မဟုတ်ပါဘူး။ ယှဉ်ပြိုင်မှု ပြင်းထန်နေတဲ့ ကမ္ဘာကြီးမှာ ယှဉ်ပြိုင်နိုင်မှု စွမ်းအားတွေ (Competitive Advantage / Comparative Advantage) တွေကို ကွက်ကွက်ကွင်းကွင်းမြင်သာအောင် လေ့လာမှုတွေ အများကြီးလုပ်ပြီးမှ ထုတ်ခဲ့တဲ့သီအိုရီ ဖြစ်ပါတယ်။ အဲဒီသီအိုရီကိုထုတ်ခဲ့တဲ့ Micheal E. Porter ဆိုတာ ကမ္ဘာ့နိုင်ငံကြီး တစ်နိုင်ငံရဲ့သမ္မတကို စီးပွားရေးအကြံပေးခဲ့တဲ့သူပါ။ အထင်ကရ ကမ္ဘာတက္ကသိုလ်ကြီးမှာ တာဝန်ထမ်းဆောင်နေတဲ့သူလည်း ဖြစ်ပါတယ်။ သည်ဘက်ခေတ်ရဲ့ အလေးပြုခံ ဂုရုတစ်ဦး ဖြစ်ပါတယ်။ နိုင်ငံကြီးငယ်တွေ ဘယ်လိုရုန်းကန် လှုပ်ရှားပြီး ယှဉ်ပြိုင်နေတယ်ဆိုတာ မီးမောင်းထိုးပြတဲ့သူလည်း ဖြစ်ပါတယ်။

နှစ်ဆယ့်တစ်ရာစုကို ချဉ်းနင်းဝင်ရောက်ခဲ့တာ (၆) နှစ်ရှိသွားပါပြီ။ ညံ့တဲ့နိုင်ငံတွေ ကျန်ရစ်ပြီး တော်တဲ့နိုင်ငံတွေ ရှေ့ကို ပိုရောက်သွားကြပါတယ်။ ကွာဟမှု ပိုပြီးကြီးလာတယ်လို့ ပြောနိုင်ပါတယ်။

* * *

နိုင်ငံဆိုတာ အဲဒီနိုင်ငံမှာနေထိုင်တဲ့ ပြည်သူတွေရဲ့အစုအပေါင်း ဖြစ်ပါတယ်။ တစ်ဦးချင်း၊ တစ်အိမ်ထောင်ချင်း၊ တစ်စုတစ်ဖွဲ့ချင်းက စုပေါင်းပြီး နိုင်ငံရယ်လို့

mgyoe.com

mgyoe.com


ပေါ်လာတာ ဖြစ်ပါတယ်။ အခြေခံယူနစ်ဖြစ်တဲ့ တစ်ဦးချင်းရဲ့ ကိုယ်ရည်ကိုယ်သွေးတွေပေါ်မှာ အခြေခံပါတယ်။ ကံလေးထောက်လို့ ကိုယ်စားလှယ်လုပ်ငန်းလေးလုပ်ဖြစ်တဲ့အခါမှာ နိုင်ငံစုံကလူတွေနဲ့ ဆက်ဆံခွင့်ရလို့ အတော်အသင့် သိခွင့်ရလိုက်ပါတယ်။ လူမျိုးအလိုက်ကို တော်တဲ့သူတွေ (ယေဘုယျ)၊ လူမျိုးအလိုက်အသင့်အတင့်သာ ရှိပေမယ့် နိုင်ငံရေးပေါ်လစီကောင်းလို့ ရှေ့တန်းရောက်နေတဲ့နိုင်ငံတွေ၊ ပေါ်လစီလည်းညံ့၊ လူမျိုးလည်းညံ့လို့ နောက်တန်းရောက်နေတဲ့သူတွေ စတာတွေကို အတော်ကလေးသတိထားမိခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ ပေါ်လစီလည်းညံ့၊ လူမျိုးလည်း 'ဖျင်း' လို့ နလံမထူနိုင်တဲ့နိုင်ငံတွေကိုလည်း မြင်လာပါတယ်။

ညံ့တယ်ဆိုတာ 'မတော်' တာ တစ်ခုတည်းပါ။ ဉာဏ်ရည်နဲ့ဆိုင်ပြီး ပတ်ဝန်းကျင်ကောင်းရှိရင် တော်လာနိုင်ပါတယ်။ 'ဖျင်း' တယ်ဆိုတာ 'စိတ်ဓာတ်' ပိုင်းလွှမ်းမိုးမှုတစ်ခုဖြစ်ပြီး Motivation မရတဲ့သူ ဖြစ်ပါတယ်။ တော်တဲ့သူက ဘာမှမလုပ်ချင်ရင် (ဖျင်းရင်) ဘာ Result မှမထွက်ပါဘူး။ 'ညံ့' တဲ့သူကိုသင်ပေးရင် တော်လာနိုင်ပါတယ်။ ဖျင်းတဲ့သူအနေနဲ့ Motivated မဖြစ်သမျှ ကာလပတ်လုံး ဘာမှ ဖြစ်မလာနိုင်တော့ပါဘူး။

* * *

ကမ္ဘာမှာ မတူတဲ့လုပ်ငန်း (Different Industries) တွေ အများကြီးပါ။ အဲဒီမှာ Service Industry က ရှေ့တန်းကို ရောက်လာပါတယ်။ အနာဂတ်မှာလည်း ကြီးထွားလာမယ့်အရိပ်အယောင်တွေ တွေ့နေရပါတယ်။ Manufacturing Industry မှာက ထုတ်ကုန်တစ်ခုကို စံချိန်စံညွှန်းနဲ့မီအောင် ထုတ်ပြီးရင် တာဝန်ကျေသလောက် ရှိသွားပါပြီ။ Service Industry က အတော်လေးနက်ပါတယ်။ သိမ်လည်း သိမ်မွေ့ပါတယ်။ 'အသိမြင့်တဲ့လူတွေကို အသိရှိတဲ့လူတွေက ဝန်ဆောင်မှုပေးခြင်း' ဖြစ်တာမို့ စံချိန် စံညွှန်းဆိုတာ တော်တော်တန်တန်နဲ့ မရပါဘူး။

တစ်ည တည်းခိုခ ဒေါ်လာ (၂၀) လောက်ပေးရတဲ့ ဟိုတယ်နဲ့ တစ်ည တည်းခိုခ ဒေါ်လာ (၁၅,၀၀၀) လောက်ပေးရတဲ့ ဟိုတယ်ကွာခြားရာမှာ ရုပ်ဝတ္ထုတစ်ခုတည်းကြောင့် မဟုတ်ပါဘူး။ ဝန်ဆောင်မှုတွေ ကွာသွားလို့ပါ။ Differentiation ဆိုတဲ့ လမ်းအိုက ခွဲထွက်သွားနိုင်မှုရဲ့ အောင်မြင်မှုပါ။

* * *

mgyoe.com

mgyoe.com



လွန်ခဲ့တဲ့ (၁၅) နှစ်လောက်က Delegation နဲ့ စင်ကာပူက Shangrila မှာတည်းဖြစ်တော့ 'ဒါကြောင့်' ကွာကြတာကိုး ဆိုတဲ့အတွေ့အကြုံကို မထင်မှတ်ဘဲ ရလိုက်ပါတယ်။ Check-out လုပ်တဲ့အခါမှာ ကျွန်တော့်အခန်း ငွေမရှင်းရသေးဘူးလို့ ပြောတော့ စိတ်နည်းနည်းတိုသွားမိပါတယ်။ Customer ရဲ့ အမူအရာကို ချက်ချင်းသိလိုက်တဲ့ ဝန်ထမ်းက 'ခဏနေဉ်' ဆိုပြီး ကျွန်တော်နဲ့ အတန်ငယ်ဝေးတဲ့ ဖုန်းကနေပြီး တစ်နေရာကိုဆက်ပါတယ်။ ချက်ချင်းပြန်လာပြီး၊ အပြုံးနဲ့ တောင်းပန်ပြီး အခန်းသော့ကို လက်ခံလိုက်ပါတယ်။ အဲဒီတရုတ်မလေးက Duty လဲခါနီး ဆိုတော့ နဖူးမှာ ချွေးစလေးတွေကျဆဲပါ။ ချွေးစတွေကြားက ပြုံးပြတဲ့အပြုံးပါ။ (Sponser လုပ်တဲ့သူက တကယ်ပဲငွေရှင်းဖို့ ကျန်သွားပါတယ်) ပြောချင်တာက 'ဝန်ဆောင်မှု' နဲ့ပတ်သက်လို့ပါ။ တကယ်ဆို အခန်းခမရှင်းရသေးတဲ့ ကျွန်တော့်ဆီကငွေတောင်းရင် အဲဒီတရုတ်မလေး တာဝန်ကျေသွားပါပြီ။ ကျွန်တော် မျက်နှာပျက်သွားတာကို သတိထားမိလိုက်လို့၊ သူ့တာဝန်ထက် ပိုလုပ်သွားတဲ့သဘောပါ။ မည်ကာမတ္တမဟုတ်တဲ့၊ တာဝန်ကျေမဟုတ်တဲ့ ဝန်ဆောင်မှုကိုပေးသွားတဲ့အကြောင်း ပြောချင်တာပါ။

ကျွန်တော့်ဟိုတယ်မှာ Reception က ဖုန်းခဏခဏဝင်ရင် စိတ်သိပ်မရှည်တတ်ကြပါ။ အသံတွေ ကြမ်းလာပါတယ်။ ဧည့်သည်နဲ့ ဖြတ်သန်းဖြတ်လာတွေ့ရင် ပြုံးပြဖို့၊ 'မင်္ဂလာပါ' ပြောဖို့ တော်တော်လုပ်ယူခဲ့ရပါတယ်။ မေ့သလောက်ရှိရင် ပြန်ပြီး 'ကြပ်' ယူရတာ အခါခါပဲဖြစ်ပါတယ်။ ပုံမှန်လာနေကြဧည့်သည်ဆိုရင် သိပ်ဂရုမစိုက်လိုကြတော့ပါ။ ဟိုတယ်တည်းခိုခထဲမှာ နေထိုင်စရိတ်အပြင် ဝန်ဆောင်စရိတ်ပါပါဝင်တယ်ဆိုတာ သဘောပေါက်အောင် တော်တော်ပြောယူထားရပါတယ်။

စားသောက်ဆိုင်တွေမှာ ကြက်သား (၂၀) သားလောက်ပါတဲ့ဟင်းပွဲကို လမ်းဘေးဆိုင်နဲ့ စားသောက်ဆိုင်ကြီးတွေ ဈေးနှုန်း မတူစွာယူကြခြင်းကလည်း ထင်ရှားတဲ့ သာဓကတစ်ခု ဖြစ်ပါတယ်။ အစာစားတဲ့အခါမှာ 'လျှာ' နဲ့ အရသာမခံခင် 'မျက်လုံး' နဲ့ အရင်အရသာခံတတ်ကြတာ သတိပြုမိမှာပါ။ အစားအသောက်ရဲ့ ပြင်ဆင်ပုံကွာခြားတာက ဝန်ဆောင်မှု ထည့်သွင်းထားတာ ဖြစ်ပါတယ်။ နေရာထိုင်ခင်း၊ မီးအပြင်အဆင်၊ ဧည့်ဝတ်ကျေမှု၊ သောတအာရုံ စတာတွေအားလုံး ဝန်ဆောင်မှုမှာ ပါဝင်ပါတယ်။ လူ့ရဲ့သဘာဝက ငွေကြေးတတ်နိုင်လာရင် ဝန်ဆောင်မှု လိုချင်တတ်လာပါတယ်။ (Recongnition) ဆိုတဲ့ အသိအမှတ်ပြုခြင်း ခံလိုလာကြပါတယ်။

mgyoe.com

mgyoe.com


Tourism မှာ Guide နှစ်ဦး၊ ခရီးကအပြန် Bouns ရတာချင်း မတူကြပါဘူး။ ဧည့်သည်ရဲ့အထာကိုသိပြီး ဝန်ဆောင်မှုပိုကောင်းတဲ့ Guide က အမြဲတမ်းပိုရစမြဲပါ။ သူ့ရလဒ်က သူ့ကြိုးစားမှု ဖြစ်ပါတယ်။

* * *

တချို့ ညံ့ကောင်းညံ့ကြပါတယ်၊ မဖျင်းကြပါဘူး။

Motivation ပေးပြီး 'ကျောက်' လိုသွေးပေးရင် 'တက်နှုန်း' သိသာလာပါတယ်။ တချို့က ပင်ကိုယ်မူလ တော်ကြပါတယ်။ စိတ်ဓာတ်က 'ဖျင်း' လို့ ဘာမှ ဖြစ်မလာကြပါဘူး။ 'တော်' တဲ့အရည်အချင်းတွေကို 'ဖျင်း' တာက အငုတ်ကမကျန် ဆွဲနှုတ်ပစ်နိုင်ပါတယ်။

စင်ကာပူလို နိုင်ငံသေးသေးလေးမှာ Comparative Advantage ဆိုတဲ့ နှိုင်းရအသာစီးရမှုက စိုးရိမ်ရေမှတ် ဖြစ်ပါတယ်။ Competitive Advantage ကို 'အား' အဖြစ်ယူရပါတယ်။ ယှဉ်ပြိုင်မှုစွမ်းအားကနေ အသာစီးယူသွားတဲ့သဘော ဖြစ်ပါတယ်။ Singapore Port က နိုင်ငံရဲ့ဝင်ငွေကို အဓိကနေရာက ရှာဖွေပေးနေပါတယ်။ Container တစ်လုံးကို သင်္ဘောပေါ်က ချတာနဲ့ နာရီပိုင်းအတွင်း ထုတ်ယူလို့ရအောင် အစီအစဉ်တွေကကောင်းပါတယ်။ ဈေးနှုန်းကို ကောင်းကောင်း ယူထားပါတယ်။ စီးပွားရေးသဘောအရ Malaysia ကလည်း Technology ကို Singapore အတိုင်းလုပ်ပြီး ဈေးနှုန်းလျှော့ယူတဲ့အခါ သင်္ဘောလိုင်းတော်တော်များများပါသွားပါတယ်။ တုံ့ပြန်တဲ့အနေနဲ့ Technology ကို Singapore က ထပ်ဆောင်းပြီး ပိုတိုတောင်းတဲ့အချိန်ကာလအတွင်း Container တွေ ထုတ်ယူလို့ရအောင်လုပ်ပြီး သင်္ဘောလိုင်းတွေကို ပြန်ဆွဲယူခဲ့ပါတယ်။ Technology ဆိုတဲ့ နေရာမှာ စက်ပစ္စည်းတွေရဲ့စွမ်းရည်ပါမက အုပ်ချုပ်မှုစွမ်းရည်ပါ ပါဝင်ပါတယ်။

စင်ကာပူကို စိုက်စရာမြေမရှိဘူးလို့ ပြောကြပါတယ်။ တကယ်တော့ မလေးရှားဘက် အသွားခရီးတစ်လျှောက်မှာ လွတ်တဲ့မြေတွေ အများကြီးပါ။ စိုက်ပျိုးရေးဘက်ကို မြေတွေ အများကြီးပေးပြီးမှရမယ့်ငွေထက် စက်ရုံထောင်ပြီး မြေကျဉ်းကျဉ်းက ရမယ့်ငွေကပိုလို့ စင်ကာပူက လယ်ယာကဏ္ဍမှာ အားမထည့်တာပါ။ Comparative / Competitive Advantage ကို အကျိုးရှိစွာ သုံးတဲ့သဘောဖြစ်ပါတယ်။ စိုက်ပျိုးမှုမှာ မြေတစ်ဧကပေးရင် ဒေါ်လာ (၅၀၀၀) မြတ်ဖို့ မလွယ်ပါဘူး။ မြေတစ်ဧကမှာ စက်ရုံလုပ်ရင် လူထောင်နဲ့ချီ အလုပ်အကိုင်ပေးနိုင်ပြီး၊ ဒေါ်လာ

mgyoe.com

mgyoe.com



သိန်းသန်းချီ မြတ်နိုင်လို့၊ စင်ကာပူက စိုက်ပျိုးမှုကို ဦးစားမပေးတာ ဖြစ်ပါတယ်။ Competitive Advantage သဘောဖြစ်ပါတယ်။

* * *

ကျွန်တော်တို့ဆီမှာ 'ရပါတယ်လေ' 'ဒါလောက်တော့ ကိစ္စမရှိပါဘူး' ဆိုတာတွေက သိမ်မွေ့သလို၊ ဂရုဏာထားသလိုနဲ့ လူတွေကို 'ဖျင်း' စေတဲ့ အခြေခံအကြောင်းရင်းတွေလို့ ရှုမြင်ပါတယ်။ Singapore Port က လုပ်သက် (၂၄) နှစ်ရှိတဲ့ Mohamad Rasheed နဲ့အတူ ဝန်ထမ်းအချို့အလုပ်ကရပ်စဲတဲ့အကြောင်း သတင်းစာမှာ ပါလာပါတယ်။ အပြစ်မရှိဘဲ အလုပ်ထုတ်တဲ့အတွက်ကြောင့် Port Authority ကိုတိုင်ကြားပါတယ်။ လုပ်ငန်းရှင်ဘက်က 'တာဝန်ကြီးတာနဲ့အမျှ အကြံဉာဏ်မပါရင် လုပ်ငန်းတိုးတက်မှုကို ဆုတ်ယုတ်စေတယ်၊ နိုင်ငံအတွက်လည်း ထိခိုက်တယ်' ဆိုတဲ့လျှောက်လွှဲချက်ကိုအသာပေးလိုက်ပါတယ်။ အဲသလောက် ကြိုးစားရတဲ့ခေတ်ဖြစ်နေပါပြီ။ နောက်မျိုးဆက်သစ်တွေ စွမ်းရည်ထက်စေဖို့၊ ကျန်းမာရေး၊ ပညာရေးစတဲ့ အာဝါသကောင်းတွေကို ဖန်တီးပါတယ်။ Litracy ဆိုတဲ့ စာတတ်မြောက်မှု၊ Higher Education ဆိုတဲ့ အဆင့်မြင့်ပညာတွေဟာ တစ်ခုတည်းသော မောင်းနှင်အားနဲ့ မဟာဗျူဟာရဲ့ အရေးကြီးအစိတ်အပိုင်း ဖြစ်ပါတယ်။

* * *

အတွေ့အကြုံအရ ဂျာမန်လူမျိုး၊ အစ္စရေးလူမျိုးတွေကို တစ်ဦးချင်း 'တော်မှု' အဆင့်မှာ ထိပ်တန်းကို ပေးထားပါတယ်။ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်တွေကို နောက်မှာထားပါတယ်။ ဒါပေမယ့် နောက်ကလူတွေ ပိုချမ်းသာကြပါတယ်။ စနစ်ကောင်းရဲ့ ချီမခြင်းခံရတာကို သတိထားမိပါတယ်။ တစ်ဦးချင်းကြိုးစားမှုမှာ Vietnam က သာပါတယ်။ ဒါပေမယ့် Thailand က ပိုပြီး ခေတ်ရှေ့ကို ရောက်ပါတယ်။ အဲဒါတွေကို အတုယူပြီး အခု China က မလိုတာတွေ 'ထုတ်'၊ လိုတာတွေ 'ထည့်' ရင်း တဖြည်းဖြည်း 'ထွား' လာခဲ့ပါပြီ။

အာဖရိကနိုင်ငံတော်တော်များများ ရေနံတွေထွက်ရဲ့သားနဲ့ ကမ္ဘာ့နောက်တန်းမှာ ကျန်နေခဲ့တာ ဘာကြောင့်ဆိုတဲ့အဖြေ ထွက်လာပါတယ်။ 'ညံ့' တာထက် 'ဖျင်း' တဲ့ နိုင်ငံတချို့က ပိုဆိုးပါတယ်။ 'တော်တယ်'၊ 'ညံ့တယ်'၊ 'ပျင်းတယ်'၊

mgyoe.com

mgyoe.com

'ဖျင်းတယ်' ဆိုတာ ရေများရေနိုင်၊ မီးများ မီးနိုင်တဲ့သဘော ရှိပါတယ်။ မလုပ်မနေရကို မူဝါဒကပဲ နိုင်စွမ်းပါတယ်။ 'ဖျင်း' တဲ့အဆင့်ရောက်ရင်တော့ ပြန်တက်ဖို့ သိပ်မလွယ်တော့ပါဘူး။ 'မလုပ်၊ မရှုပ်၊ မပြုတ်' ဆိုတာ 'ဖျင်း' စေတဲ့ အဓိကအကြောင်းအရာတစ်ခု ဖြစ်ပါတယ်။

တစ်ဦးချင်း ပုဂ္ဂလိကလုပ်ငန်းတွေမှာလည်း ပြဿနာပေါင်းစုံကြုံရလေ့ ရှိပါတယ်။ အုပ်ချုပ်မှုအတန်ငယ်ဝေးတဲ့ လုပ်ငန်းတစ်ခုမှာ လွှတ်လိုက်တဲ့ Manager အပေါ်လိုက်ပြီး၊ ဝန်ထမ်းတွေရဲ့ အမူအကျင့်အပြောင်းအလဲတွေကို သတိထားမိပါတယ်။ ရေလိုက်ငါးလိုက်နေတတ်တဲ့ Manager အောက်မှာ ဝန်ထမ်းတွေကလည်း'တော်ရို၊ လျော်ရို' နဲ့ပဲ စခန်းသွားပါတယ်။ အဲဒီ Manager ရဲ့အနာဂတ်ကလည်း 'တော်ရို လျော်ရို' နဲ့ပဲ ကြုံရပါတယ်။ အလုပ်ကို အလုပ်နဲ့တူအောင်လုပ်တဲ့ Manager ရဲ့အောက်က ဝန်ထမ်းတွေကျတော့လည်း သွက်လက်ချက်ချာပြီး အဲဒီမန်နေဂျာတွေ လုပ်ငန်းပြောင်းသွားတော့လည်း လစာကောင်းကောင်း ရကြတာ တွေ့ရပါတယ်။

* * *

Continuous Learning ဆိုတာ လုပ်ငန်းနယ်ပယ်မှာရှိသရွေ့ မရပ်မနားလေ့လာခြင်း ဖြစ်ပါတယ်။ ကမ္ဘာ့အလျင်နဲ့အတူ နေထိုင်ရာလည်း ကျပါတယ်။ Globalization ကို ကျင့်ကြံခြင်းလည်း ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီး ကူးလူးဆက်ဆံမှု မြန်ဆန်လာတာနဲ့အမျှ Globalize ပိုဖြစ်လာပါတယ်။ နည်းသစ်တွေ အများကြီးပေါ်လာပါတယ်။ အတွေးအခေါ်သစ်တွေ လျင်မြန်စွာပဲ ဖြန့်ကျက်လာပါတယ်။ ယှဉ်ပြိုင်မှုတွေ ဘယ်လောက်များသလဲဆိုရင် အရင်က ကိုလိုနီနိုင်ငံကြီးတွေမှာတောင် အလွှာနှစ်ထပ်ကွဲသွားပါတယ်။ ခေတ်ကို အမီမလိုက်နိုင်တဲ့နိုင်ငံကြီးတချို့တောင် ဒုတိယအလွှာမှာ ကျေနပ်နေရပါပြီ။

ဘယ်လိုတော်အောင်၊ ဘယ်လောက်တော်အောင်ဆိုတဲ့ 'စံနှုန်း' တွေကြားမှာ ကိုယ်က 'ညံ့' နေရင် ဆယ့်တစ်ရာစုကို ရောက်သွားသလို ဖြစ်နေမှာပါ။ ကိုယ်က 'ဖျင်း' နေရင်တော့ Stone Age ဆိုတဲ့ ကျောက်ခေတ်ကို ဦးတည်နေပြီလို့ တင်စားလို့ရမှာ ဖြစ်ပါတယ်။

နောက်တစ်ခုရှိပါသေးတယ်။ 'ရောင့်ရဲ' တာပါ။ 'ပျင်း' တာကို 'ရောင့်ရဲ' တယ်ဆိုတဲ့အကာအကွယ်နဲ့ နေထိုင်တတ်သူတချို့ပါ။ 'ရောင့်ရဲခြင်း' ဆိုတာ အလုပ်
mgyoe.com

mgyoe.com


မလုပ်ခြင်းမဟုတ်ပါဘူး။ အလုပ်လုပ်ပြီးမှ 'ရလဒ်' အပေါ် ကျေနပ်ခြင်းဖြစ်ပါတယ်။ 'ပျင်း' တဲ့သူ 'ဖျင်း' တဲ့သူက အလုပ်ကို စကတည်းက လုံးဝမလုပ်ကြသူတွေပါ။ ရောင့်ရဲတဲ့သူရှေ့မှာ 'ရွှေထုပ်' ချပေးကြည့်နိုင်ပါတယ်။ အလုပ်လုပ်တဲ့သူထက် လက်ပို 'လျင်' တာ တွေ့ရပါလိမ့်မယ်။

* * *

MNCs ဆိုတဲ့ Multinational Corporations တွေမှာ CEO ကို တကယ်တော်တဲ့သူတွေကို လစာကောင်းကောင်းပေးပြီး၊ အပြင်က ခန့်ကြပါတယ်။ မဟာဗျူဟာသမား Strategist တွေဖြစ်ပါတယ်။ အဲဒီ Organization တိုးတက်ပါတယ်။ Nissan Motor အကြွေးဒေါ်လာ သန်းနှစ်ထောင်ကျော် တင်တဲ့အချိန်မှာ ပြင်သစ်က Renault Motor နဲ့ Merge (ပူးပေါင်း) လုပ်ပါတယ်။ CEO က ပြင်သစ်လူမျိုး Carlos Gohson ဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲရေးတွေလုပ်ရင်း နှစ်နှစ်အတွင်း $ 2 billions ကိုပေးဆပ်ပြီးတဲ့အပြင် ¥ 875 million အမြတ်ကျန် အောင်လုပ်နိုင်တာကိုကြည့်ရင် Organization တွေမှာ ဦးဆောင်သူရဲ့ အခန်းကဏ္ဍ ဘယ်လောက်အရေးကြီးသလဲဆိုတာ တွေ့နိုင်မှာဖြစ်ပါတယ်။

မြန်မာကုမ္ပဏီတော်တော်များများမှာ အဖေက ကုမ္ပဏီကို တည်ထောင်ခဲ့သူဖြစ်လို့ သားကို Managing Director ခန့်တာဟာ 'တော်' လို့ အာဏာရှိသူဖြစ်လာတာ မဟုတ်ပါဘူး။ 'အာဏာရ' သူသာ ဖြစ်ပါတယ်။ ပင်ကိုယ်တော်သူတွေကသာ အာဏာရှိသူ (Acquire Power) ဖြစ်ပါတယ်။ တစ်ချိန်က Ford Motor ရဲ့ Chairman က မြေးဖြစ်သူ Ford ဖြစ်ပါတယ်။ အာဏာရသူ (Power Given) ဖြစ်ပါတယ်။ CEO ဖြစ်တဲ့ Lee Iaacoca က ဖို့ဒ်ကားကို အကြီးအကျယ် အောင်မြင်အောင်လုပ်ရင်း Acquire Power ရှိသူ ဖြစ်လာပါတယ်။ နောက် Iaacoca က Chrysler ကို ပြောင်းသွားတော့လည်း အဲဒီကုမ္ပဏီ ဒေဝါလီခံရတော့မယ့်ဆဲဆဲဖြစ်ပါတယ်။ အခြေခံကအစ ပြုပြင်ပြောင်းလဲရေးတွေလုပ်ပြီး မှန်ကန်တဲ့ မဟာဗျူဟာချနိုင်ခဲ့လို့ Chrysler အကြီးအကျယ် ပြန်အောင်မြင်ခဲ့ပါတယ်။ Iaacoca လည်း Power ပိုရှိတဲ့သူအဖြစ် ရောက်လာပါတယ်။

အဖေပေးလို့ အာဏာရသူတွေဟာ မဟာဗျူဟာ လွဲတတ်လေ့ရှိပါတယ်။ Organization အတွက် အကျိုးလျော့တတ်၊ ယုတ်တတ်ပါတယ်။ Traditional Thinking ဆိုတဲ့အစဉ်အလာအတွေးကို ဖယ်ထုတ်သင့်ပါတယ်။ ဦးဆောင်သူညံ့ရင်၊

mgyoe.com

mgyoe.com


နောက်လိုက် ညှံ့တတ်ပြီး အကျိုးယုတ်တာကို ပိုပြီးမြင်သင့်၊ ဦးစားပေး စဉ်းစားသင့်ပါတယ်။ 'ထင်ယောင်မှား' ရာထူးနဲ့ လုပ်ပိုင်ခွင့်က ကိုယ့် အရည်အချင်းကို ရပ်တန့်စေပါတယ်။ တိုးတက်သူနဲ့ ဆုတ်ယုတ်သူကွာခြားတာတွေမှာ ဒါကအရေးကြီးတဲ့ကဏ္ဍ ဖြစ်ပါတယ်။ Concept မှားရင် အခြေခံက စတာဖြစ်လို့ ရလဒ်ကောင်း မရနိုင်ဘူးဆိုတာလောက်တော့ ကြိုပြီးမြင်သင့်တဲ့ခေတ် ဖြစ်ပါတယ်။

* * *

စားထက်အောင်သွေးတယ်ဆိုရာမှာ အခြေခံ 'သံ' ကောင်းဖို့ လိုပါတယ်။ 'သံ' မကောင်းဘဲ ထက်အောင်သွေးတဲ့ဓားဟာ အရေးကြုံရင် အသွား 'ပဲ့' တတ်ပါတယ်၊ 'ကိုယ်မလုံဘူး' ဖြစ်ပါလိမ့်မယ်။ Japanese Economy စာတမ်းကိုရေးဖြစ်တော့ ဂျပန်တွေ ဘယ်လိုသံမျိုး ရွေးတယ်၊ ဘယ်လို 'ထက်' အောင် သွေးကြတယ်ဆိုတာ တွေ့လာပါတယ်။ စီးပွားရေးညွှန်းကိန်းတွေအရ အလားအလာကောင်းဆဲ ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့တွေ Dependency Ratio ကို တော်တော် စိတ်ပူကြပါတယ်။ လူဦးရေ (၅) ဦးမှာ အလုပ်လုပ်သူ (၄) ဦး နဲ့ မှီခို (၁) ဦးနှုန်းရှိပါတယ်။ နောက် (၁၅) နှစ်စာကို တွက်ထုတ်တော့ မျက်လုံးပြူးကြရပါတယ်။ Solution ရှာပြီး မဟာဗျူဟာတွေချကြရပါတယ်။

ကျွန်တော်တို့ဆီမှာ အဖေက အလုပ်လုပ်ပြီး (၇–၈) ယောက်ရှိတဲ့ မိသားစုကထိုင်စားကြပါတယ်။ အခြေအနေကို ယိုးမယ်ဖွဲ့ကြပါတယ်။ လက်ဖက်ရည်ဆိုင်မှာ အချိန်ဖြုန်းကြပါတယ်။ သံချေးအတက်ခံတဲ့သဘော ဖြစ်ပါတယ်။ 'ပျင်း' တာက 'ဖျင်း' တာကိုကူးသွားရင် လူမျိုးအတွက်ပါ အန္တရာယ်ရှိပါတယ်။ လူမျိုးပါ 'ညံ့' သွားနိုင်ပါတယ်။ 'ရေ' မများဖို့ 'မီး' မများဖို့ လိုပါတယ်။

လူတွေအားလုံးမှာ တစ်ရက် (၂၄) နာရီပဲ ရှိကြပါတယ်။ ဘယ်လိုအကျိုးရှိအောင် အသုံးချမလဲဆိုတာပဲ ကွာပါတယ်။ သူတို့ဆီမှာ Time based Competition ကို Toyota ရဲ့နာမည်ကြီး JIT (Just in time) နဲ့ ယှဉ်ပြိုင်ပါတယ်။ Working Process ကို အကောင်းဆုံး Design လုပ်ကြပါတယ်။ အခုဆို တိုယိုတာက တစ်နာရီ ကားပေါင်း (၆၇) စီးထုတ်နိုင်အောင် ဖြစ်သွားပါပြီ။ ကျွန်တော်တို့ဆီမှာ အချိန်တွေပိုပြီး ဘယ်သူ့ပေးရမှန်း မသိသေးပါဘူး။ Dell Computer ရဲ့ထုတ်လုပ်မှုဟာ လေ့လာစရာကောင်းတဲ့ သာဓကဖြစ်ပါတယ်။ လုပ်အားခ 'ချို' တဲ့ တရုတ်လုပ် Computer (Clone) တွေက ဈေးချိုလွန်းတော့ လုပ်အားခ

mgyoe.com

mgyoe.com


'မြင့်' တဲ့ အမေရိကန် Products တွေ မယှဉ်နိုင်ဘူးဖြစ်နေတုန်း Dell က အတွင်း ကျကျလေ့လာမှုတစ်ခု လုပ်ခဲ့ပါတယ်။ လုပ်အားခ မယှဉ်နိုင်တာက လုပ်ယူလို့မရတဲ့ အကြောင်းဖြစ်လေတော့ ထုတ်လုပ်မှုနည်းစဉ်ကို အသာစီးယူပြီး၊ ထုတ်လုပ်မှုစရိတ် လျှော့ချတဲ့နည်းကို သုံးလာခဲ့တယ်။ Working Process မှာ ခြေတစ်လှမ်းစာ ပိုသွားရရင် စရိတ်ဘယ်လောက် ကုန်တယ်ကအစ တွက်ထုတ်ပြီး အသုံးပြုသွားတဲ့ နည်းပါ။ နောက်ဆုံး အကြီးအကျယ်ထုတ်လုပ်မှုစရိတ် (Manufacturing Cost) လျှော့နိုင်လာပြီး Final Product မှာ တရုတ်ကို ဈေးယှဉ်ရောင်းနိုင်လာပါတယ်။ ဈေးချင်းမကွာရင်တော့ နာမည်ရှိထုတ်ကုန်ကို လူတွေ ပြန်ဝယ်လေ့ရှိပါတယ်။ ဒီနည်း နဲ့ Dell က ဈေးကွက်ကို ပြန်သိမ်းသွားပါတယ်။ ဒီနေ့ MBA တွေမှာ Dell Method က မီးမောင်းထိုး သင်ကွက်တစ်ကွက်လည်း ဖြစ်လာပါတယ်။

* * *

Globalization မှာ ကမ္ဘာကြီးဟာ မဟာဗျူဟာအခင်းအကျင်းတွေနဲ့ ယှဉ်ပြိုင်နေကြပါတယ်။ အကောင်းဆုံး၊ အထိရောက်ဆုံးဖြစ်အောင် ကြိုးစားကြပါတယ်။ ယှဉ်ပြိုင်မှုကလည်း ပြင်းထန်ပါတယ်။ တရုတ်ပညာရှိကြီး Suntzu က တိုက်ပွဲအောင်တာ ချီးကျူးစရာဖြစ်ပါတယ်။ ဒါပေမယ့် ရန်သူ့မဟာဗျူဟာကိုဖျက်ဆီးနိုင်လို့ မတိုက်ရဘဲနိုင်ရတာက 'လူတော်' ဖြစ်တယ်လို့ ဆိုထားပါတယ်။ တစ်သက်လုံး ကြီးစိုးလာတဲ့ American က Boeing လေယာဉ်ထုတ်လုပ်မှုကို EU အစုအပေါင်း ဖြစ်တဲ့ Airbus က အံတုတာ မဟာဗျူဟာယှဉ်ပြိုင်မှု အခင်းအကျင်းတစ်ခု ဖြစ်ပါတယ်။ အခုဆိုရင် Commercial Airline မှာ Airbus ရဲ့ A-380 က ဈေးကွက်ဝေစု အများစုကိုယူသွားပြီး Boeing ကို တုန်လှုပ်စေခဲ့ပါတယ်။ Boeing ရဲ့ စစ်ဘက်သုံး C-130 ကို Airbus ရဲ့ A-400 က ထပ်ပြီးတိုက်ခိုက်ဦးမှာဖြစ်ပါတယ်။ Products တွေရဲ့အရည်အသွေးမှာတင် မဟာဗျူဟာအချက်တွေ ထည့်ရတာမဟုတ်ပါဘူး၊ (ဥပမာ – လေယာဉ်ပျံသန်းနေစဉ်ပြုပြင်မှုလုပ်နိုင်) ဈေးကွက်မှာလည်း မဟာဗျူဟာ မိတ်ဘက်ဖွဲ့ပြီး ယှဉ်ပြိုင်နေကြတာ ဖြစ်ပါတယ်။

လူတွေ 'ဖျင်း' မသွားအောင် ဂျပန်တွေအလုပ်လုပ်ကြတာ အတုယူစရာကောင်းပါတယ်။ အစည်းအဝေးမှာ 'ပြဿနာမရှိဘူး' ဆိုရင် တစ်ခါနှစ်ခါပဲလက်ခံပါတယ်။ အုပ်ချုပ်မှုအလယ်ပိုင်းကို လူလဲတတ်လေ့ရှိပါတယ်။ ပြဿနာကိုဖုံးကွယ်ပြီး အကြီးမခံချင်လို့ပါ။ ပြဿနာကိုအမြဲတွေ့လိုပြီး Brain Storm လုပ်စေချင်လို့ပါ။

mgyoe.com

mgyoe.com


'ပြဿနာ' မရှိဘူးဆိုရင် လူတွေ 'ဖျင်း' လာနိုင်ပါတယ်။ ပြဿနာရှိရင် အဖြေရှာရပါတယ်။ လူတွေ သွက်လက်လာပါတယ်။ အကောင်းဆုံးအဖြေဝိုင်းရှာကြတော့ ပိုတော်လာကြပါတယ်။ အဲသလိုနဲ့ Toyota Motor က ဘယ်တော့မှ ရာထူးမလျှော့နိုင်ဘူးထင်ခဲ့တဲ့ GM (General Mortor) ရဲ့ ကမ္ဘာ့အဆင့် (၁) ကို ဒီနှစ် (၂၀၀၆) မှာ ဆက်ခံတော့မှာ ဖြစ်ပါတယ်။

တစ်ချိန်က GM ရဲ့ မဟာဗျူဟာက အလွန်ကောင်းပါတယ်။ ဒါကြောင့်လည်း သူ့ခေတ်သူ့အခါမှ နံပါတ် (၁) ဖြစ်ခဲ့တာ ဖြစ်ပါတယ်။ နှစ် လေး၊ ငါးဆယ်ကြာတော့ GM က မဟာဗျူဟာကို ခေတ်နဲ့အညီလိုက်ပြီး မပြောင်းနိုင်ပါဘူး။ အမေရိကန်ကားတွေထုတ်လုပ်ရာမှာ Basic Concept က (More profit on large car) ဆိုတာ တစ်သမတ်တည်းကိုင်စွဲထားပါတယ်။ Performance ကို အဓိကထားတော့ Fuel Consumption ပိုင်းမှာ တိုးတက်မှုတွေ မကြံဆောင်နိုင်ခဲ့ပါဘူး။ Oil Crisis ဖြစ်တော့ Japan က Small Size ကားတွေနဲ့ ဈေးကွက်ဖွဲ့ယူသွားပါတယ်။ ဆီစားနှုန်းသက်သာမှုက ဈေးကွက်အပြောင်းအလဲမှာ အသာစီးယူသွားတာပါ။ နောက် အခုခေတ်စားနေတဲ့ SUV ဆိုတဲ့ Sport Utility Vehicle မှာလည်း ဂျပန်တွေက လက်ဦးမှုယူပြီး ဈေးကွက် ဝေစုအများစုကိုယူသွားခဲ့ပြန်ပါတယ်။ Hybrid ကားတွေမှာလည်း အမေရိကန်က အဆင်သင့်မဖြစ်သေးပါဘူး။ ဂျပန်ရဲ့ Toyota Prius ကားတွေက ဈေးကွက်ကိုဖောက်ပြီး ကမ္ဘာကျော်သွားပါတယ်။

နယ်တွေ တစ်စစသိမ်းပြီး မြို့သိမ်းတိုက်ပွဲမှာ Toyota က Lexus နဲ့ Nissan Infinity ကားတွေက အဓိကပံ့ပိုးသွားပါတယ်။ Executive တန်းတွေမှာတောင် ဂျပန်ကို အနောက်ဘက်က အရှုံးပေးနေကြရပါပြီ။ အားလုံးဟာ မဟာဗျူဟာကို ချိန်ကိုက်မှန်အောင် အသုံးချနိုင်လို့ပဲ ဖြစ်ပါတယ်။

* * *

Globalization မှာ ကမ္ဘာကြီးဟာ မဟာဗျူဟာအခင်းအကျင်း ယှဉ်ပြိုင်နေကြပါတယ်။ အကောင်းဆုံး၊ အထိရောက်ဆုံးဖြစ်အောင် ကြိုးစားကြပါတယ်။ ယှဉ်ပြိုင်မှု ပြင်းထန်ပါတယ်။ တရုတ်က ပညာရှိကြီး Suntzu က တိုက်ပွဲအောင်တာ ချီးကျူးစရာဖြစ်ပါတယ်။ ဒါပေမယ့် ရန်သူ့မဟာဗျူဟာကို ဖျက်ဆီးနိုင်လို့ မတိုက်ရဘဲနိုင်ရတာက 'လူတော်' ဖြစ်တယ်လို့ ဆိုထားပါတယ်။

mgyoe.com

mgyoe.com


ဒီနေ့ခေတ်က မဟာဗျူဟာချင်း တိုက်တဲ့ခေတ်ပါ။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေးအားလုံးမှာ သတိထားကြည့်ရင် တွေ့နိုင်ပါတယ်။ စီးပွားရေးမှာလည်း Capital Intensive, Labour Intensive, Technology Intensive ဆိုပြီး အရင်းအနှီး၊ လုပ်အား၊ အတတ်ပညာ အလေးပေးထားကြတဲ့ လုပ်ငန်းတွေထဲမှာ Service / Skill Intensive ဆိုတဲ့ ဝန်ဆောင်မှု၊ ကျွမ်းကျင်မှု အလေးပေးလုပ်ငန်းက ငွေအရင်းမများဘဲ တိုးသာ၊ ဆုတ်သာရှိစွာနဲ့ ကမ္ဘာ့ဝင်ငွေအများဆုံးလုပ်ငန်းတစ်ခုလို့ မဟာဗျူဟာမြောက်သုံးသပ်ချက်တွေ ဆွဲထားပါတယ်။

Hotel နဲ့ Tourism ဆိုတာ ဝန်ဆောင်မှု အလေးပေးလုပ်ငန်းတွေထဲက အချို့ဖြစ်ပါတယ်။ ဧည့်သည်အိတ်ထဲကငွေကို ရိုက်စားလုပ်ပြီး လက်နှိုက်ယူတာထက် 'အပြုံးတစ်စ' နဲ့ သူက ပေးချင်အောင်လုပ်တာက ပိုရတတ်ပါတယ်။ လုပ်ငန်းတိုင်းမှာ အတတ်ပညာရှိပါတယ်။ မညံ့ဖို့လိုပါတယ်။ 'ညံ့' ရင်တောင်မှ သင်ယူလို့ရပါသေးတယ်။ 'ဖျင်း' တယ်ဆိုတာ ဘာမှမရနိုင်တော့တဲ့ စိတ်ဓာတ်ပိုင်ရှင်ဖြစ်ပါတယ်။ ညံ့ချင်ညံ့ပါ။ မဖျင်းဖို့တော့လိုပါမယ်။

***Hotel Magazine (2006)***

❖

mgyoe.com

mgyoe.com

# ရွက်ခြွေလေ

30th June 2006

"ဆိဇာတဲ့လား၊ အတော်ချောတဲ့ကောင်ပဲ "

"Imported အဖေရဲ့၊ ဂျာမနီက သွင်းလာတာ၊ သိန်းသုံးဆယ်ကျော်ကျ တယ်"

ဦးဘောဂတို့ သားအဖနှစ်ယောက် ပြောသံသဲ့သဲ့ကို ကြားလိုက်ရတာပါ။ အမွေးရှည်ပြီး၊ အလုံးအထည်၊ အရုပ်အမောင်းကလည်း ပြောစရာမလိုဘူး။ ရုပ်ရည် ကလည်းခန့်လိုက်တာ။ ခပ်တည်တည်နဲ့၊ တစ်ချက်တစ်ချက်ဟောင်လိုက်ရင် ကြက် သီးထလောက်အောင် အသံကလည်း အောင်တယ်။

ငွေရှိသူတွေ လုပ်ကြတဲ့ကိစ္စပါ။ ဘမောင်က 'ယုယ' အတွက် စိတ်နည်းနည်း ပူသွားတယ်။ 'ယုယ' ဆိုတာက ဘုန်းကြီးကျောင်းကတောင်းလာတဲ့ လမ်းဘေးက ခွေးမလေး။ အမွေးတိုတယ်၊ အကောင်သေးတယ်၊ ကျွေးတာနဲ့လည်း စားတယ်။ စကားမပြောတတ်ပေမယ့် သခင့်အလိုကို သိပ်သိတတ်တယ်။ ထားရာနေပြီး စေရာ သွားတဲ့ ကလေးမ၊ ညရေးညတာ အဖော်ရအောင်ဆိုပြီး ဆရာတော်ကိုလျှောက်တော့ မွေးချင်းတွေထဲက ကြိုက်ရာတစ်ကောင်ယူဆိုလို့ အလကားပဲတင်းယူလာတဲ့ ခွေးမလေး၊ ရွေးတုန်းကတော့ 'အဝဆုံး' ကောင်ကို ဘမောင် ယူမလို့ပဲ၊ နောက်တော့ 'အညှက်ဆုံး' ကောင်လေးကို သနားတာနဲ့ပဲ ယူဖြစ်လိုက်တယ်။

ဦးဘောဂရဲ့ စီးတော်ယာဉ် လင့်ခရူဇာကြီးကို ဆေးကြောပြီးတာနဲ့ ဘမောင် တန်းလျားဆီပြန်တော့ 'ယုယ' က အမြီးကလေးနန့်ပြီး ကြိုရှာတယ်။ မျက်နှာ သိပ်တော့မကောင်းဘူး။ ကွပ်ပျစ်ပေါ်ထိုင်တော့ ချထားတဲ့ ဘမောင်ရဲ့ခြေသလုံးကို 'ယုယ' က ခေါင်းနဲ့ပွတ်ပြီး အမောဖြေပေးရှာတယ်။ 'ယုယ' မျက်လုံးတွေက သည်နေ့ရီဝေဝေနဲ့။ ဗိုလ်ကျမယ့်သူတိုးလာလို့နဲ့တူရဲ့။

* * *

mgyoe.com

mgyoe.com


ဦးဘောဂဆိုတာက အောင်မြင်နေတဲ့ စီးပွားရေးသမားတစ်ယောက်၊ အိန္ဒိယကို ပဲတွေ တော်တော်ပို့တယ်။ စင်ကာပူက တရုတ်တွေနဲ့ ဖက်စပ်အထည်ချုပ်စက်ရုံ ထောင်ထားတယ်။ နာမည်ရစားသောက်ဆိုင်ကြီးနှစ်ဆိုင်လည်း ပိုင်တယ်။ ဆောက်လုပ်ရေးလုပ်ငန်းကြီးတွေလည်းလုပ်တယ်။ ဘမောင်က ဦးဘောဂရဲ့ ဒရိုင်ဘာ၊ ဒရိုင်ဘာ 'ဘမောင်' ပေါ့။

တကယ်တော့ ဘမောင်က အလုပ်ကြပ်တဖြစ်လည်း ဒရိုင်ဘာပါ။ ဦးဘောဂတို့ရဲ့ အထည်ချုပ်စက်ရုံမှာ ဘမောင်က အလုပ်ကြပ်နဲ့စခဲ့တာ၊ ကျိုးနွံတတ်လို့ဆိုပြီး ဒရိုင်ဘာခန့်ခဲ့လို့ ရခဲ့တဲ့အလုပ်၊ ဦးဘောဂရဲ့ သုံးထပ်တိုက်ကြီးနောက်ဘက်က ခပ်နွမ်းနွမ်းတန်းလျားမှာ 'ဘမောင်' ကို အခန်းလေးတစ်ခန်းပေးထားတယ်။ထမင်းနှစ်နပ်ကျွေးတယ်။ အလုပ်ကြပ်ထက် အများကြီးပိုတဲ့ လစာပေးထားတယ်။ဘမောင်လေ ... ဦးဘောဂကြီးကို တအားပဲ ကျေးဇူးတင်ပစ်လိုက်တယ်။

ဟုတ်တယ်လေ၊ လိုင်းကားစီးရတဲ့ဒုက္ခ ကင်းသွားတယ်။ ကားခသက်သာသွားတယ်။ လစာပိုရတယ်၊ ထမင်းဖိုးမကုန်တော့ဘူး။ နည်းနည်း အသက်ရှုချောင်သွားတယ်ပေါ့။ ကယ်တင်ရှင်ကြီး ဦးဘောဂ ကျန်းမာချမ်းသာပါစေ၊ ဆထက်တပိုးတိုးပြီး လုပ်ငန်းတွေဖြစ်ပါစေ၊ သက်တော်ရာကျော်လည်း ရှည်ပါစေ။

* * *

'ယုယ' ဟာ ဘာနဲ့ကျွေးကျွေး စားရှာတယ်။ ကံကောင်းတဲ့နေ့ဆို လက်ကျန်အသားဖတ်လေးနဲ့ နယ်ဖတ်ကျွေးနိုင်တယ်။ ပုံမှန်ကတော့ ထမင်းကြမ်းလက်ကျန်နဲ့ ငါးပိရည် အနံ့ပေးလေးပေါ့။ အကောင်လေးက ကြီးလာတော့ ထမင်းမဝချင်ရှာဘူး၊ ဘမောင်ရယ်၊ ခြံစောင့်နှစ်ယောက်ရယ်ကလည်း ထမင်းနဲ့ဟင်းကို 'စကေး' နဲ့ပဲရတာဆိုတော့ ဘာမှသိပ်တတ်နိုင်လှတာတော့ မဟုတ်ဘူး။

"ကိန် ... ကိန် ..."

ငယ်သံပါအောင်အော်လိုက်တဲ့ 'ယုယ' အသံကြောင့် တန်းလျားထဲက ဘမောင် အပြေးထွက်ကြည့်လိုက်ရတယ်။ 'ယုယ' တစ်ကောင် ချောင်မှာဝပ်လို့။ 'ဆီဇာ' ကြီးက 'ယုယ' စားခွက်နားမှာ၊ တစ်ချက်နမ်းကြည့်ပြီး 'ယုယ' ဘက်မာန်လှည့်ဖီလိုက်သေးတယ်။ 'ယုယ' အမြီးလေးကုတ်ပြီး တစ်ဖက်ကိုမျက်နှာလှည့်ထားလေရဲ့၊ လုပ်ချင်ရာလုပ်နိုင်ပါတယ်ပေါ့။

အင်အားပြ၊ အနိုင်ကျင့်ရုံကလွဲလို့ 'ယုယ' စားခွက်ထဲကအစာကို 'ဆီဇာ'

mgyoe.com

mgyoe.com


ဘယ်စားနိုင်မှာလဲ။ ငါးပိရည်နံ့ကို နှစ်ခါတောင်ပြန်မနမ်းကြည့်ဘူး။ အမဲသားနံ့၊ ကြက်သားနံ့နဲ့ ဗီတာမင်မျိုးစုံထည့်ထားတဲ့ CP ထုတ် Dog Food က တစ်အိတ်ကျပ်ငွေ နှစ်သောင်းကျော်။ ခွေးမပြောနဲ့ ဘမောင်တို့လူတောင် အနံ့ရရင် သွားရည်ကျချင်ချင်။ အဲဒါတွေ စားနေကျ 'ဆီဇာ' က ဘယ်မှာ ငါးပိရည်နဲ့ထမင်းကြမ်းကို လျှာပေါ်တင်မှာတဲ့လဲ။

" ဆီဇာ . . . သွား . . .သွား . . . သွားတော့နော် "

ဘမောင်အချိုသတ်ပြီး ချော့ရတယ်။ ရဲရဲလည်းမဟောက်ရဲဘူး။ အရေးမစိုက်ချင်သလိုနဲ့ 'ဆီဇာ' က ဘမောင်ဘက်တစ်ချက်၊ 'ယုယ' ဘက်တစ်ချက် မျက်စောင်းခဲပြီး ခပ်တည်တည်ထွက်သွားလေရဲ့။

" သမီး . . . ယုယ . . . လာလာ၊ ဘယ်နာသွားသေးလဲ "

သြော် 'ယုယ' ခမျာ အိမ်ကြီးရှင်ကြောက်ရ၊ သခင့်ခွေးကြောက်ရနဲ့။

* * *

စိတ်မထင်ရင် မထင်သလို မကြာခဏ 'ယုယ' ကို လာလာရန်ရှာတတ်တာ 'ဆီဇာ့' အကျင့်တစ်ခုလို ဖြစ်လာတယ်။ အရွယ်ချင်းကလည်းကွာ၊ အင်အားချင်းကလည်းမမျှတော့ တစ်ချိန်ချိန် အသက်များထွက်သွားမလားလို့ ဘမောင် စိတ်ပူမိရတာ အမောပဲ။

ဘဝပေးကံအကျိုးမကောင်းလို့ ခွေးဖြစ်ကြရတာတောင် သူဌေးမွေးတဲ့ခွေးနဲ့ ဒရိုင်ဘာကမွေးတဲ့ခွေး အဆင့်အတန်းချင်း အတော်ကွာကြတယ်။ သူတို့မှာလည်း ပတ်ဝန်းကျင်ကို နားလည်နိုင်တဲ့အသိတွေ ရှိနေလေရဲ့။ အိမ်ကြီးရှင်ရဲ့ လက်မွေးဆိုတော့ ဘမောင်အပါအဝင် ခြံစောင့်တွေက မျက်နှာချိုသွေးရတယ်။ 'ဆီဇာ' ကလည်း ဂျာမနီက လာလို့လားမသိဘူး၊ ဘယ်သူ့ကိုကြောက်ရမယ်၊ ဘယ်သူ့ဆို ဂရုစိုက်စရာမလိုဘူးဆိုပြီး ခွဲခြားသိနေပုံရတယ်။

ဘုန်းကြီးကျောင်းသူ 'ယုယ' ကတော့ ဒရိုင်ဘာမွေးတဲ့ခွေးမဟုတ်လား၊ အိမ်နောက်တန်းလျားက အိမ်ရှေ့တောင်မထွက်ရဲရှာဘူး၊ ဘယ်သူ့တွေ့တွေ့ မျက်နှာသာလေးရမလားလို့ အမြီးကလေး နန့်နန့်ပြရှာရတာ အမော။

ခေါင်းထိုး၊ အမြီးနန့်ပြီး အနားလာပွတ်ချွဲပြနေတဲ့ 'ယုယ' ကြောင့် ဘမောင်အတွေးစတွေ ပြတ်တောက်သွားတယ်။ တစ်ခါတစ်ခါကျတော့လည်း ဒီလိုပဲလေ။

mgyoe.com

mgyoe.com


ကိုယ့်အကြောင်းတွေးလိုက်၊ သူတို့အကြောင်းတွေးလိုက်။

* * *

အခုတလော 'ဆီဇာ' ကြီးတစ်ကောင် တန်းလျားဘက် မကြာမကြာ ရောက်လာတတ်လေရဲ့။ ယုယကို တစ်ခါတစ်ခါ မာန်ဖီလိုက်၊ စိတ်လိုလက်ရှိရင် အမြီးနန့်ပြလိုက်နဲ့။ 'ယုယ' ကတော့ 'ဆီဇာ့' မျက်နှာကြည့်ပြီး နေရရှာတယ်။ သူအမြီးကြီး နန့်ပြရင် 'ယုယ' က ပြန်ပြီးအမြီးတိုလေးကို နန့်ပြရှာတယ်။ 'ဆီဇာ' ကြီး စိတ်အလိုမကျလို့ မာန်ဖီရင်ဖြစ်ဖြစ်၊ ကိုက်ရင်ဖြစ်ဖြစ် အမြီးကလေးကုတ်ပြီး ကိုယ်ကိုလှဲပေးရှာတယ်။ ပြဿနာမျှနရတဲ့သဘောပေါ့။

"ဦးလေး . . . ယုယ အပျိုဖြစ်နေပြီနဲ့တူတယ်"

"ဟေ . . . ဟုတ်လား"

ခြံစောင့်ကောင်လေးမောင်တွတ်က သူ့ထင်မြင်ချက်ကိုပြောတာ။

"ငါ့သမီးငယ်ပါသေးတယ် . . . ဟုတ်ပါ့မလား မောင်တွတ်ရဲ့"

"မငယ်ဘူးဦးလေး . . . ကိုးလသမီးရှိနေပြီ"

'ဆီဇာ' တို့များ၊ နောက်ပိုး . . . ပိုးတာတောင် မာန်ဖီပြီးပိုးသတဲ့။

* * *

"ဦးလေးဘမောင်၊ သမီး ရွာပြန်တော့မလို့ လာနှုတ်ဆက်တာ"

"ဟဲ့ . . . ဆိုင်းမဆင့်ဗုံမဆင့်နဲ့ နင့်ဟာက"

'ကြာညို' က ဘမောင်တို့နဲ့ တစ်ရွာတည်းသူ၊ ရွာမှာ လက်လုပ်လက်စားဆိုတော့ လူဖြစ်လာမှာမဟုတ်ဘူးဆိုပြီး ရန်ကုန်တက်အလုပ်ရှာရင်း ဦးဘောဂတို့ အထည်ချုပ်စက်ရုံမှာ အလုပ်လုပ်ဖြစ်သွားတဲ့ စက်ချုပ်သမလေး။ တောသူဆိုတော့ ရိုးတယ်။ လောကရဲ့ ပရိယာယ်တွေကိုလည်း အသက်ငယ်သေးတော့ မသိနိုင်ရှာသေးဘူး။ ငွေစုပြီး အမေ့ဆီ ပို့နိုင်ဖို့လောက်ပဲ အာရုံထားတဲ့ ကလေးမ။ ဘိုးစဉ်ဘောင်ဆက် လယ်လုပ်၊ ကိုင်းထောင်လောက်ပဲလုပ်တတ်ကြတဲ့ 'ကြာညို' တို့မိဘများက 'ကြာညို' ကို မူလတန်းထက်ပိုပြီး ပညာလည်း မသင်ပေးနိုင်ရှာခဲ့ဘူး။

"ခွင့်နဲ့ခဏပြန်မှာလား မိကြာညို"

"ဟင့်အင်း . . . အပြီးပြန်မှာ"

"ဟေ. . ."

mgyoe.com

mgyoe.com


ပြောရင်း 'ကြာညို'အသံတစ်ဆို့ဆို့ရှိသွားတာကို ဘမောင် သတိပြုမိလိုက်ပါရဲ့။

"စုမိ၊ ဆောင်းမိလေးရော ရှိလို့လား ကြာညိုရယ်"

"ဦးဘောဂ အပိုဆောင်းပေးလိုက်တဲ့ ငွေလေးတော့ပါတယ်"

ကြာညို့အဖြေက ဘမောင်အတွက် နားလည်ရခက်ခဲပါတယ်။

"တခြားက အလုပ်လေးဘာလေး ရှာကြည့်ရင်ရော"

"တော်ပါပြီ ဦးလေးရယ်၊ ရွာပြန်ပြီး လယ်ပဲ လုပ်စားတော့မယ်။ ကြာညို မြို့ကြီးပြကြီးတွေကို နားမလည်နိုင်တော့ဘူး၊ နားလည်အောင်လည်း မကြိုးစားချင်တော့ဘူး "

'ကြာညို'အသံ နည်းနည်းတိမ်ဝင်သွားတယ်။ 'ကြာညို'လည်း ဘမောင်ကို သည့်ထက်ဘာမှပြောမသွားဘူး။ မပြောချင်တာကပိုမှန်လိမ့်မယ်။ ဘမောင်အသိက လည်း ရိုးတိုးရိတ်တိတ်၊ အုံ့သြတာလား၊ ယူကြုံးမရတာလား၊ မယုံကြည်နိုင်တာလား၊ မယုံရဲတာလား၊ တုန်လှုပ်တာလား . . . ဘာမှဆက်မေးလို့မရတဲ့ ဘမောင် တစ်ယောက် ကြာညိုပြန်သွားတော့ အတွေးတစ်စနဲ့ ကျန်ရစ်ခဲ့ရပါတယ်။ ဟိုတွေး ဒီတွေး ရောက်တတ်ရာရာတွေးပေါ့ . . .။

" ကိန် . . . ကိန် . . . ကိန် "

ငယ်သံပါအောင်အော်လိုက်တဲ့ 'ယုယ'ရဲ့အသံ။ စိုးရိမ်စိတ်နဲ့ ဘမောင် အသံလာရာကို မျှော်ကြည့်လိုက်တော့၊ သရက်ပင်ကြီးအောက်မှာ 'ဆီဇာ' ကို 'ယုယ' နဲ့အတူ တွေ့လိုက်ရတယ် ...။ တုန်နေရှာတဲ့ 'ယုယ'၊ မျက်လုံးကြီးတွေဝင်းနေတဲ့ 'ဆီဇာ'။

"သြော် . . . ငါ့သမီး တကယ်အပျိုဖြစ်သွားပြီပဲ"

❖

mgyoe.com

mgyoe.com

# နှုတ်သည်ထက် ယုတ်သည်လား

10th July 2006

ကြာပြီဆိုပေမယ့် အမှတ်တရလေး ရင်ထဲကျန်ခဲ့တာမို့ ရေးဖြစ်လိုက်တာ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်လောက်က အတွေ့အကြုံတစ်ခုပါ။ နုနယ်တဲ့အတွေ့အကြုံမှာ အစဦးဖြစ်ခဲ့တဲ့ ဇာတ်လမ်းတွေဆို ပိုပြီးမှတ်မိတတ်လေ့ရှိတာ လူတွေရဲ့ သဘာဝပါ။

အဲဒီတုန်းက ဘမောင်တစ်ယောက် စာလေးဘာလေး ဟိုရေး ဒီရေး ရေးဖြစ်ခဲ့တယ်။ ကျယ်ကျယ်ပြန့်ပြန့် မစဉ်းစားနိုင်သေးတဲ့အရွယ်ဆိုတော့ ရဲဒိုးလည်းရေးဖြစ်လိုက်သေးတယ်။ ကိုယ့်နာမည်လေးဘာလေးနဲ့ ရေးတော့မယ်ဆိုတော့ 'ကလောင်သစ်' ကို Publisher တွေက သိပ်မထုတ်ချင်ကြဘူး။ တချို့ကျတော့လည်း မှတ်ပုံတင်ငွေရမ်းရတာကျပ်တည်းလို့ နာမည်ကြီးကလောင်တွေလောက်ပဲ ဦးစားပေးဖြစ်ကြတယ်။ သီလဝစာပေက ဦးကျော်သန်းဆီစာမူသွားပြတော့ တစ်လလောက်ထားခဲ့ခိုင်းတယ်။ တစ်လပြည့်လို့ပြန်သွားတော့ စာအုပ်ထုတ်မယ်တဲ့၊ ဒါပေမယ့် မှတ်ပုံတင်က ငွေမရဘူး၊ ဘမောင် ကံခေတာလေ။

လွန်ခဲ့တဲ့ခုနစ်နှစ်လောက်က ဦးကျော်သန်းနဲ့ ဘမောင်တို့ ပြန်ဆုံဖြစ်ကြတယ်၊ အဲဒီတုန်းက ဘမောင်ကို အခု သူ ဘယ်မှတ်မိတော့မလဲ၊ အစဖော်ပေးပြီး ပြန်ပြောပြတော့ အားနာတဲ့မျက်နှာနဲ့ ကြည့်ရှာတယ်။ ဘာတတ်နိုင်မှာလဲ၊ အဲဒီအတွေ့အကြုံက စာပေသမားတွေမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ရိုးအီနေတဲ့အတွေ့အကြုံ၊ ဘာမှမထူးဆန်းဘူး၊ ဘယ်သူ့မှာမှလည်း အပြစ်မရှိဘူး၊ ရိုးသားစွာနဲ့ အလုပ်မဖြစ်နိုင်ကြတာပဲရှိတယ်။

* * *

စာမူလေးကိုင်ရင်း 'ကိုစိုးမြင့်' နဲ့တွေ့ဖြစ်တယ်။ 'ကိုစိုးမြင့်' ဆိုတာ Publisher တစ်ဦး၊ ငွေကြေးသိပ်မတောင့်တင်းလို့ တစ်အုပ်စ၊ နှစ်အုပ်စထုတ်နေရတဲ့ ထုတ်ဝေသူ၊

mgyoe.com

mgyoe.com


'ဉာဏ်ဝင်း' စာပေက ဘမောင်ရဲ့သူငယ်ချင်း 'ဉာဏ်ဝင်း' တို့က ငွေကြေး တောင့်တင်းတော့ စာအုပ်အများကြီးကို တစ်ပြိုင်နက်ထုတ်နိုင်တယ်။ မင်းသိခ်စာအုပ်တွေက လည်း ပေါက်တယ်။ စာပေနယ်မှာလည်း အဲဒီတုန်းက အထင်ကရအင်အားကြီး စာပေအဖြစ် ရပ်တည်ခဲ့တယ်။ ကိုဉာဏ်ဝင်းက "သူငယ်ချင်းစာအုပ် ကိုယ်ထုတ်ပေးမယ်" ပြောတော့ ဘမောင်အတွေးက ချော်တောငေါ့သွားခဲ့တယ်။ မဖြစ်ချင်ရင် ကြံဖန်ပြီးမဖြစ်တာကို ပြောချင်တာပါ။ 'ခင်မင်မှု' နဲ့ ထုတ်ပေးတဲ့စာအုပ်ကို လိပ်ပြာ မသန့်ချင်ဘူးဖြစ်နေတယ်။ သူ့စိတ်အတွင်းတော့ ဘမောင် ဝင်မကြည့်ဖြစ်ဘူး။ အခုပြန်တွေးကြည့်တော့ မရောင်ရာဆီလူးခဲ့တာက ဘမောင်ဖြစ်နေတယ်။ ထားပါတော့လေ။

ဒါနဲ့ပဲ 'ကိုစိုးမြင့်' နဲ့တွေ့တော့ စာမူပေးဖတ်ဖြစ်ခဲ့ပြန်တယ်။ တစ်ပတ်လောက်ကြတော့ 'ကိုစိုးမြင့်' က စာအုပ်ထုတ်မယ်လို့ အကြောင်းပြန်လာတယ်။ သူထုတ်တဲ့ စာအုပ်တွေမှာလည်း နောက်ထွက်မယ့်စာအုပ်စာရင်းထဲမှာ ကြော်ငြာထည့်ပေးတယ်။ သည် တစ်ခါသေချာပြီပေါ့ဆိုပြီး ဘမောင်တော်တော်ပျော်သွားတယ်။

အလှည့်အပြောင်းတစ်ခုက ထပ်ဖြစ်ချင်လာတယ်။ တစ်ရက် 'ကိုစိုးမြင့်' က သူ့ဆီမှာရေးနေတဲ့ အမည်သုံးလုံးနဲ့ နာမည်ရ စာရေးဆရာကိုတွေ့ဖို့ပြောတယ်။ သူ့ကို မထိခိုက်စေချင်လို့ လျှို့ဝှက်သည်းဖိုဆန်ဆန်တွေရေးတဲ့ စာရေးဆရာတစ်ယောက်လို့ပဲ ဖော်ပြပါရစေ။ ချိန်းထားတဲ့ရက် ညနေ (၆း၀၀) နာရီလောက်မှာ ဘမောင် အဲဒီ 'ကိုစိုးမြင့်' တို့အိမ်ကိုသွားတယ်။ တောင်ဥက္ကလာ (၁၃) ရပ်ကွက်လို့ထင်တာပဲ၊ အမှတ်မမှားရင်ပေါ့။

အမြည်း လေး၊ ငါး၊ ခြောက်ပွဲနဲ့ ယမကာမှီဝဲနေတဲ့ အဲဒီစာရေးဆရာကို တွေ့ဖြစ်လိုက်ပါတယ်။ မိတ်ဆက်ကြတော့ 'သြော် . . . သြော် . . . မင်းလား' ဆိုပြီးဩဝါဒတွေ ချွေနေပါတော့တယ်။ အဲဒီတုန်းက စာရေးချင်တာကလွဲပြီး ဘာမှ မသိသေးတဲ့ဘမောင်ပါ။ ပရိယာယ်ဆိုတာ အတွေ့အကြုံရှိသူတွေ ကျင့်သုံးတတ်တဲ့ ပညာရပ်တစ်ခုလို့လည်း မမြင်မိသေးပါ။ ဘမောင် အဲဒီတုန်းက အသက် (၂၀) လောက်ပဲရှိပါသေးတယ်။

"ကိုယ်တို့လည်း ဒီလိုကနေ တက်လာတာပဲ"

"ဘဝတူချင်းဆိုတော့ ကိုယ်ချင်းစာတယ်"

"လိုတာတွေပြော . . . အကုန်အကူအညီပေးဖို့ အဆင်သင့်ပဲ"

ဒါကြောင့် စာပေသမားဖြစ်တာ၊ တော်လိုက်တဲ့လူကြီး၊ သူ့စကားတွေ

mgyoe.com

mgyoe.com


အားလုံး ဘမောင်အတွက် အားဆေးတွေပဲ။ အိမ်ရောက်တော့ အမေ့ကို ဝမ်းသာအယ်လဲ ပြောဖြစ်လိုက်တယ်။

"အမေ . . . ဒီတစ်ခါတော့ စာအုပ်ထွက်ပြီထင်တယ်"

'ထင်တယ်' ဆိုတာ သေချာတဲ့အလုပ်တစ်ခုမဟုတ်သေးမှန်း ဘမောင် မကြာခင် သိလိုက်ရပါတယ်။ တစ်ရက် 'ကိုစိုးမြင့်' ကခေါ်လို့သွားတော့ . . .။

"ဆောရီးပဲ . . . ဆရာလေး . . . စာအုပ်မထုတ်ဖြစ်တော့ဘူး"

သူ့စကားနောက်မှာ တစ်ခုခုရှိနေမှန်း ဘမောင် သိနေတယ်။ရုတ်ချည်းပြောင်းသွားတဲ့အခြေအနေက 'အဲဒီတစ်ခုခု' ကြောင့်ဖြစ်မယ်ဆိုတာပဲ ဘမောင်ရိပ်စားမိပါတယ်။ ဘမောင် အတင်းမေးတော့ ညီငယ်တစ်ယောက်ရဲ့သံယောဇဉ်နဲ့ 'ကိုစိုးမြင့်' က ပြောပြရှာပါတယ်။ ကတိတစ်ခုတော့တောင်းတယ်။ စိတ်လိုက်မာန်ပါမဖြစ်စေဖို့၊ ပြီးတော့ သူ့အတွက်လည်း ထိခိုက်နစ်နာနိုင်စေတာတွေ ဖြစ်သွားနိုင်တယ်ဆိုတာ။

ဘမောင်ကို ရွှမ်းရွှမ်းဝေအောင်ပြောတုန်းက 'ဒါကြောင့် စာပေသမားဖြစ်တာ' လို့ထင်ခဲ့တဲ့ အဲဒီစာရေးဆရာကို တစ်လွှာချင်းမြင်အောင် ကြည့်ဖြစ်ခဲ့တယ်။ အများစုသော စာပေသမားတွေ ရိုင်းပင်းကြပါတယ်။ စည်းရုံးကြပါတယ်၊ သန့်လည်း သန့်ရှင်းကြပါတယ်။ ရိုးသားစွာနဲ့ဖေးမတတ်ကြပါတယ်။ ဘမောင်ကို အားပေးခဲ့တဲ့ အဲဒီစာရေးဆရာက အရက်သောက်ရင်းပြောခဲ့လို့လားတော့ မသိဘူး၊ 'နုတ်' တာထက် 'ယုတ်' တာကို တွေ့နေရပါတယ်။

"သူ့တပည့်ရဲ့စာမူကို အရင်ထုတ်စေချင်တယ်။ ကိုယ်က မကြိုက်ဘူး၊ ဒါပေမယ့် ငွေကြေးကမပြည့်စုံဘူးလေ။ ခင်ဗျားဟာကို အရင်ထုတ်ရင် သူစာဆက်မရေးတော့ဘူးလို့ အကျပ်ကိုင်တယ်"

ကိုစိုးမြင့်ရဲ့ ဘဏ္ဍာရေးအခြေအနေကို ဘမောင် ကောင်းကောင်းသိတယ်၊ ပြီးတော့ ပုံမှန်အမြတ်အစွန်းရနေတဲ့ စာရေးဆရာတစ်ယောက်ကို ဘယ် Publisher ကမှ လက်မလွှတ်ချင်ဘူးဆိုတာလည်း နားလည်တယ်။ အဲဒီတော့ ဘမောင် လုပ်စရာတစ်ခုပဲ ရှိတော့တယ်။

'နားလည်ပါတယ်အစ်ကိုရာ'

ဆိုပြီးတော့ပဲ စာမူလေး ပြန်သိမ်းဖြစ်ခဲ့တယ်။

* * *

'ခေ' လိုက်တဲ့ကံဆိုပြီး၊ ဘမောင် Publisher ကိုယ်တိုင်လုပ်ဖြစ်သွားတယ်။

mgyoe.com

mgyoe.com


ဆူးလေဘုရားလမ်းက ဆိုင်းဘုတ်တွေရဲ့ မျိုးစေ့ဟာ ဒါရိုက်တာမီးပွားနဲ့ ဘမောင်တို့ရဲ့ လက်ကကျလာတာလို့ ပြောလို့ရတယ်။ အဲဒီမှာ ဆိုင်းဘုတ်အကြီးကြီးနှစ်ခု ထောင်တယ်။ ထွက်မယ့်စာအုပ်ကို ကြော်ငြာတယ်။ စာပေလောကမှာ အဲဒီတုန်းက အုန်းအုန်းကျွက်ကျွက်ဖြစ်သွားသေးတယ်။ စာပေတိုက်အသစ်တစ်ခုက ခပ်ကြမ်းကြမ်းဝင်လာလို့။

ကိုယ်စာရေးတုန်းကတော့ အကြောင်းအမျိုးမျိုးကြောင့် ပုံနှိပ်စာလုံးအဖြစ် ပေါ်မလာဖြစ်ခဲ့ဘူး။ ကိုယ် Publisher ဖြစ်ပြန်တော့လည်း စာမူက တော်တော်နဲ့ မရပြန်ဘူး။ ကြော်ငြာထားတဲ့ရက်ထက် အများကြီးနောက်ကျသွားတယ်။ မလည်မဝယ်နဲ့ ဘမောင်တို့ခံရတာများ။

ကိုယ့်စိတ်နဲ့နှိုင်းပြီး စာရေးသူတစ်ယောက်ဆို ဘမောင်က ကားတစ်စီး ဝယ်ပေးဖြစ်ခဲ့ဖူးတယ်။ ပြီးတော့ မြောင်းထဲက ပြန်တင်ပေးခဲ့တယ်။ အရက်မူးလို့ ပေါက်ကွဲတိုင်း 'ဂျီ' တာကို ဘမောင် စိတ်ရှည်လက်ရှည်ခံပေးခဲ့တယ်။ သူ့ရဲ့ကယ်တင်ရှင်ပါလို့ တဖွဖွပြောခဲ့တဲ့သူက ဘမောင်ကို ဘယ်လိုကျေးဇူးဆပ်လိုက်သလဲဆိုရင် ဘမောင် ငွေချေထားတဲ့စာမူကို သူများဆီ ထပ်ရောင်းတယ်။ စာပေစိစစ်ရေးမှာ တင်ထားတဲ့ စာမူကို ဘမောင်မသိဘဲ ထုတ်ဖို့ကြိုးစားခဲ့တယ်။ အဲသလို 'စုန်းပြူး' တွေကြောင့် သူများပြောတာ စာပေသမားအများစု ခံနေကြရတာ။

ဒါက နားလည်ရခက်ခဲစရာ မဟုတ်ဘူး၊ အတွေ့အကြုံလေး အတော်အသင့် ရလာတော့ 'နတ်' တာထက် 'ယုတ်' တဲ့သူတွေဆိုတာ သိလာရတယ်။ ကိုယ် 'ယုတ်' တာ အကြောင်းမဟုတ်ဘူး။ တခြားစာပေအပေါ် သစ္စာရှိတဲ့သူတွေအတွက် ထိခိုက်တာ ဝမ်းနည်းစရာကောင်းတယ်။

* * *

ခါးသီးတဲ့အတွေ့အကြုံတွေကြောင့် ဆိုရှယ်လစ်ခေတ်ဘက်မှာ စာပေနဲ့ပတ်သက်ပြီး ဘမောင် ဘာမှမလုပ်ဖြစ်တော့ဘူး။ ဒီလိုနဲ့ ဈေးကွက်စီးပွားရေးခေတ် ရောက်လာရော၊ အစိုးရဝန်ထမ်းဘဝက အငြိမ်းစားယူ၊ စာရေးချင်ပေမယ့် 'ဟိုတို့' 'ဒီတို့' ကလွဲပြီး ဘမောင် ဘာမှမလုပ်နိုင်သေးဘူး။ စီးပွားရေးအခြေတည်အောင် ကြိုးစားရသေးတယ်။ အခြေလေးကျလာတော့ 'ဈေးကွက်' နဲ့ ဆိုင်တဲ့ လစဉ်ထုတ် မဂ္ဂဇင်းတစ်အုပ်ထုတ်ဖြစ်တယ်။ အယ်ဒီတာချုပ်က နာမည်သုံးလုံးနဲ့ပဲ။ ကုမ္ပဏီ တစ်ဖက်ကို ဦးစားပေးနေရတော့ မဂ္ဂဇင်းဘက်ကို ဘမောင်လှည့်မကြည့်နိုင်ဘူး။

mgyoe.com

mgyoe.com



သူ့ကိုငွေကြေးကအစ လုပ်ပိုင်ခွင့် အကုန်ပေးထားတယ်။

တစ်နှစ်လောက်ပဲ ကြာမယ်ထင်တယ်။ ဘာမပြောညာမပြော တခြားလုပ်ငန်းရှင်တစ်ယောက်ကထုတ်တဲ့ မဂ္ဂဇင်းမှာ အယ်ဒီတာချုပ်သွားလုပ်နေလေရဲ့။ တကယ်ဆို ဘမောင်ကို ပြောသင့်တယ်။ ငွေကြေးရှင်းသွားသင့်တယ်။ Ethic ဆိုတဲ့ စာပေကျင့်ဝတ်ကိုဖောက်သွားတာ၊ အယ်ဒီတာချုပ်ဆိုတဲ့ဂုဏ်ပုဒ်ကို ရေမြောင်းထဲဆွဲချသွားတာ၊ အခုတော့ သူ့အကျိုးပေးနဲ့သူ ရှိနေပါပြီ။

သူလည်း 'ယုတ်' တော့ 'နုတ်' တဲ့အထဲ ဘဝကိုနှစ်လိုက်ရပြီ။

* * *

ကောင်းတဲ့သူတွေလည်းရှိပါတယ်လေ။

ပထမမဂ္ဂဇင်းရပ်သွားပြီး နှစ်နှစ်လောက်ကြာမလား မသိဘူး။ အခု ရွှေအမြုတေက ဦးဝင်းငြိမ်းနဲ့ 'ရွှေစည်းစိမ်' ကို ဆက်လုပ်ဖြစ်တယ်။ မဂိုလမ်းမှာ Air-con နဲ့ အခန်းတစ်ခန်းပေးပြီး ထုံးစံအတိုင်း လုပ်ပိုင်ခွင့်အကုန်ပေးထားလိုက်တယ်။ စာပေနယ်နဲ့သီးခြားဖြစ်သွားတာ ဆယ်စုနှစ်နှစ်ခုလောက်ကြာသွားလို့ ဘမောင် အတော်များများကို မသိတော့ဘူး။ ဦးဝင်းငြိမ်းကိုတော့ ဘမောင်ရဲ့ သားမက်လေး ကျေးဇူးနဲ့ သိဖြစ်ကြတာ။

'ရွှေစည်းစိမ်' မအောင်မြင်ဘူး။ 'လိုင်း' မဝင်လို့ မအောင်မြင်တာ ဘယ်သူ့မှာမှ အပြစ်မရှိဘူး။ အရှုံးကြာကြာမခံနိုင်လို့ ရပ်လိုက်တော့ ဦးဝင်းငြိမ်းက စနစ်တကျ အားလုံး၊ စာရင်းဇယားနဲ့ ပြန်အပ်သွားတယ်။ သည်နေ့အထိလည်း အခင်အမင် မပျက်ဘူး။

တစ်လောက 'ရွှေအမြုတေစာပေဆု' ပေးဖြစ်တော့ ဝမ်းသာရသေးတယ်။ ဧည့်ခံပွဲတွေ တက်လေ့တက်ထ သိပ်မရှိတဲ့ ဘမောင်၊ အဲဒီပွဲကိုရောက်ဖြစ်အောင် သွားခဲ့ပါတယ်။

* * *

'နုတ်' တယ်ဆိုတာက စိတ်ပိုင်းဆိုင်ရာ ထင်ဟပ်မှုမရှိဘူး။လူတိုင်းချမ်းသာကြပေမယ့် 'ကံ' အကျိုးပေးတွေချင်းမှ မတူကြတာ၊ ဘယ်လိုညှိယူလို့ရမှာလဲ။ အတိတ်၊ ပစ္စုပ္ပန်ကံ အားနည်းနေသေးတာရယ်၊ အကျိုးပေးချိန် မတန်သေးလို့ရယ် ကြောင့် ဖြစ်ရတာ၊ ကိုယ်လုပ်ယူနိုင်တဲ့ ဘောင်အတွင်းမှာ ရှိတာမဟုတ်ဘူး၊ Beyond

mgyoe.com

mgyoe.com


Control ပေါ့။ 'နတ်' လို့ ဘာမှမဖြစ်ဘူး။ အကြင်နာ၊ ကရုဏာတွေတောင် ရသေးတယ်။

'ယုတ်' တာကြတော့ စိတ်ပိုင်းဆိုင်ရာသက်သက်ကြောင့် ဖြစ်ရတာ။ 'ကံ' နဲ့လုံးလုံးဆိုင်တာမဟုတ်ဘူး။ ကြိုးစားမှုနဲ့လည်း ဘာမှမပတ်သက်ဘူး။ကိုယ့်စိတ်ကိုယ်မထားတတ်လို့၊ ကိုယ်ပြင်ရင် ချက်ချင်းရတယ်၊ မပြင်ချင်လို့မဖြစ်ဖြစ်တာပဲ ရှိတယ်။ 'ကိုယ်ယုတ်' လို့ ကိုယ်တစ်ဦးတည်းနဲ့ ပတ်သက်တာလည်း သိပ်မပြောချင်ဘူး။ တချို့ 'ယုတ်' တာက အများနဲ့ဆိုင်တယ်။ ကိုယ့်ကြောင့် အများကခံစားရတယ်။ အသိုင်းအဝိုင်း၊ အဖွဲ့အစည်းကြီးတစ်ခုလုံး ခံစားရတယ်။ 'နတ်' ခြင်းရဲ့ ရလဒ်က တစ်ဦးလောက် ဆိုပေမယ့် 'ယုတ်' ခြင်းရဲ့ရလဒ်က အများနဲ့ဆိုင်တာဆိုတော့ 'နတ်' ချင် 'နတ်' ပါ၊ 'မယုတ်' ဖို့တော့ကောင်းတယ်။

*ရွှေအမြုတေ (၄/၂၀၀၇)*

❖

mgyoe.com

mgyoe.com

# ယုံသူမှားလား၊ လိမ်သူမှားလား

1st August 2006

E-mail သုံးတဲ့သူတွေ မကြာခဏစာတစ်စောင်ကို လက်ခံရရှိတတ်ပါလိမ့်မယ်။ အကြောင်းကတော့ အမျိုးမျိုးပဲ။ ဘယ်နိုင်ငံက သမ္မတရဲ့ကတော်ပါ။ အခုနောက်ထပ်တက်လာတဲ့ သမ္မတက သူတို့ရှိတဲ့ငွေကြေးကို ထုတ်လို့မရအောင်တားထားလို့၊ အကူအညီပေးရင် ဒေါ်လာသန်းပေါင်းများစွာထဲက ရာခိုင်နှုန်းလေးဆယ်ကိုပေးပါ့မယ်။ တချို့ကျတော့လည်း ရေနံထွက်တဲ့နိုင်ငံတစ်ခုမှာ ကန်ထရိုက် ဒေါ်လာသန်းပေါင်းစွာတန်တဲ့လုပ်ငန်းကို ငွေကြေး ပိုတင်ထားတာ ဘတ်ဂျက်ကျနေပြီ။ ဒါပေမယ့် နိုင်ငံခြားသားတစ်ဦးက အကူအညီပေးရမယ်။ ရာခိုင်နှုန်းမက်လောက်စရာပေးပြီး အကူအညီပေးပါ။

နောက်ရှိသေးတယ်၊ နိုင်ငံတစ်ခုက 'ထီ' ဆုကြီးကို လူကြီးမင်း ပေါက်ပါတယ်။ 'ထီ' ဖောက်တဲ့စနစ်ကတော့ ကမ္ဘာ့နိုင်ငံအသီးသီးက ကုမ္ပဏီတွေကို ကွန်ပျူတာထဲ အက္ခရာစဉ်နဲ့ထည့်ပြီး ကွန်ပျူတာနဲ့မဲဖောက်ရာမှာ ပေါက်လို့ပါ။

အဲဒီလိုအကြောင်းအမျိုးမျိုးပြပြီး လောဘသားတွေကို မျက်စိပိတ်ပြီး ပစ်လိုက်တဲ့မြားကလည်း မကောင်းသူထိပ်၊ ကောင်းသူထိပ်မှာ တော်တော်များများ မြားထိသွားကြသူတွေ ရှိနေကြပါတယ်။ လူဆိုတာ လောဘနဲ့ယှဉ်ပြီး မွေးလာကြတာကိုသိတဲ့သူတွေက ငါးမျှားလေးမှာငါးစာတပ်ပြီး 'မိချင်တဲ့ငါးမိ' ဆိုပြီး ရေစပ်ချအထား၊ လောဘကြီးတဲ့ငါးတွေ မိကုန်ကြပါတယ်။

* * *

ဈေးကွက်စီးပွားရေးအစမှာ၊ အမှတ်မမှားရင် (၁၉၉၀) အစဦးပိုင်းလို့ ထင်တာပဲ။ ဘန်ကောက်က မြန်မာတစ်ယောက် ဦးဆုံးငါးမျှားချိတ်မှာ မိသွားခဲ့ပါတယ်။

mgyoe.com

mgyoe.com

မြန်မာပြည်အဖွဲ့အစည်းတစ်ခုဆီက ငွေသိန်းပေါင်းရာချီပြီး လစ်ထွက်သွားတာ၊ သိပ်မကြာခင်မှာပဲ သူ့အလှည့်ပြန်ရောက်ခဲ့ပါတယ်။ အဲဒီအချိန်က သိန်းရာချီဆိုတာ ကားတစ်စီး လေးငါးသိန်းနဲ့တွက်ကြည့်ရင် တော်တော်များတဲ့ပမာဏလို့ တွက်ကြည့်လို့ ရနိုင်ပါတယ်။

အာဖရိကရေနံထွက်တဲ့နိုင်ငံတစ်ခုက မျှားလိုက်တဲ့ငါးမျှားချိတ်ပါ။ အဲဒီတုန်းက E-mail ခေတ်သိပ်မစားသေးဘူး၊ Fax ခေတ်ပဲရှိသေးတယ်။ သူတစ်ပြန်ကိုယ်တစ်ပြန် Fax တွေ အစောင်စောင်ရေးကြပြီး၊ ကိုရွှေမြန်မာလည်း ယုံလောက်ရော အဲဒီကပွဲလီက သူ့နိုင်ငံကိုလာဖို့ဖိတ်လိုက်ပါတယ်။ ကိုရွှေမြန်မာလည်း မယုံရဲ၊ ယုံရဲနဲ့ ကျွဲပြိုစီးလိုက်တာ ဟိုနိုင်ငံရဲ့လေဆိပ်လည်းရောက်ရော 'ကြိုဆိုပုံ' ကိုကြည့်ပြီး ဟုတ်မှ ဟုတ်သေးရဲ့လားဆိုပြီး သူတို့မမြင်အောင် ကိုယ့်အသားကိုယ် ဆိတ်ကြည့်ရတယ်။ မာစီဒီးနဲ့ကြိုပြီး ယာဉ်တန်းနဲ့အဆောင်တော်ကိုပို့တာ၊ အဆောင်ရောက်တော့ စကားလေးဘာလေးပြောပြီး အိမ်ရှင်နိုင်ငံကလူတွေ ပြန်သွားတယ်။ အိမ်ကြီးက 'ဟီး' နေပြီး အပြင်အဆင်က အပျံစားပါ။ ကိုရွှေမြန်မာလည်း သူ့ဇနီးသည်ဆီ ဖုန်းဆက်ပေါ့။

"ရှင်မရေ . . . ရေးကုသိုလ်နဲ့တူတယ်။ မင်းတော့ အရင်ကထက် အဆပေါင်းများစွာ ချမ်းသာပြီ"

နောက်တစ်နေ့မှာ ကိုရွှေမြန်မာကို လာကြိုကြပါတယ်။ တကယ့် VIP ပုံစံနဲ့ကြိုတာ၊ အစိုးရအမှတ်တံဆိပ် ဆိုင်းဘုတ်ဆွဲထားတဲ့ရုံးကိုခေါ်သွားတာ၊ အထောက်အထား Document တွေပြတယ်။ ကြိုတင်စီစဉ်ထားတဲ့အတိုင်း ဒေါ်လာသန်း (၃၀) လောက်ကိုဘာမှမလုပ်ဘဲရမှာ၊ သူ့ရဲ့ 'အင်' ကုမ္ပဏီက အဲဒီနိုင်ငံမှာ Registration လုပ်ထားပြီးပြီ။ လုပ်ငန်းကတော့ ရေနံတူးဖော်တဲ့နေရာမှာ လိုအပ်တာတွေကို ဆောက်ပေးဖို့ ဆောက်လုပ်ရေးကန်ထရိုက်၊ ကျန်တာတွေကို အိမ်ခံက တကယ်ဆက်လုပ်သွားမှာဖြစ်ပြီး ကိုရွှေမြန်မာက မှတ်ပုံတင်ထားတဲ့၊ လုပ်ငန်းရရှိတဲ့ နိုင်ငံခြားပါတနာအနေနဲ့ မှန်ကန်ကြောင်းလေး လက်မှတ်ရေးထိုးပေးရုံပါပဲ။

အဲဒီအစိုးရရုံးက ဝန်ထမ်းတွေကလည်း ဟုတ်မှန်ကြောင်း အထောက်အထားတွေပြတယ်။ ဘယ်သူထင်မှာလဲ . . . မှားကြလိမ့်မယ်လို့။ အဲသလို အဲဒီနိုင်ငံမှာ 'ပေါင်းပြီးရိုက်စား' လုပ်ကြတာ။ လက်မှတ် ထိုးသင့်ထိုးထိုက်တာတာတွေ ထိုး၊ နေ့လည်စာ စားကြပြီး အဆောင်တော်ကိုပြန်ကြ။ ကိုရွှေမြန်မာလည်း ခြေဖဝါးနဲ့ မြေကြီးမထိတော့ဘူး။ ဟုတ်တယ်လေ၊ ဒေါ်လာသန်းသုံးဆယ် ဆိုတာနည်းတဲ့ငွေမှ

mgyoe.com

mgyoe.com


မပဟုတ်တာ၊ အခုဈေးကွက်နဲ့တွက်ရင် ဒေါ်လာတစ်သန်းတင် သိန်းပေါင်းတစ်သောင်း ကျော်တယ်။

* * *

အိမ်တော်လည်းရောက်ရော၊ ကိုရွှေမြန်မာ 'ခေါင်း' ကို 'ဆင်' မကဘူး၊ 'ဂေါ်ဇီလာ' လောက်ကို နင်းတာခံရတော့တာပဲ။ အဲဒီငွေတွေထုတ်နိုင်ဖို့ ဒေါ်လာ ငါးသိန်းလောက် စဘော် (Deposit) အရင်တင်ရမယ်တဲ့။ အဲဒီတော့မှ 'အချခံ' ရပြီဆိုတာ စသိတော့တယ်။ ယဉ်ယဉ်လေးနဲ့ ချတာနော်။ အိမ်ခံတွေပြန်တော့ ထွက် ပြေးမယ်လည်း လုပ်ရော၊ တံခါးမှာ အစောင့်နဲ့၊ အပြင်တောင်ထွက်ခွင့်မရတော့ဘူး။ ဖုန်းဆက်ပြီးအပြင်ကို အကူအညီတောင်းမယ်ကြံပြန်တော့၊ ဖုန်းကြိုးတွေဖြတ်ထား လိုက်တယ်။

အရင် ဘန်ကောက်မှာ 'ရေးကြီး၊ ခွင်ကျယ်' 'အာ' ထားတာတွေက သူ့ရှုး သူ့ပြန်ပတ်တော့တာပဲ။ နောက်ဆုံး အသက်အသေခံမလား၊ ငွေပေးမလားဆိုတဲ့ လမ်းကိုရွေးခိုင်းတော့မှ မဖြစ်ဖြစ်အောင် ငွေပေးရတော့မှာပါလားဆိုပြီး ချွေးစေးပြန် ရတော့တယ်။ ဘန်ကောက်မှာရှိတဲ့ သူ့ဇနီးဆီကို ငွေလွှဲပေးနိုင်အောင် ဖုန်းတစ်ခါပဲ ဆက်ခွင့်ပေးတယ်။ သူတို့ပေးထားတဲ့ Account ထဲ ငွေအရင်ထည့်ရတယ်။ငွေဝင် တော့မှ လူကိုပြန်လွှတ်ပေးလိုက်ပါတယ်။ သူအင်မတန်ကံကောင်းလို့၊ နောက်လူတွေ ကျတော့ ငွေလည်းရရော၊ လူသတ်ပြီးအမှိုက်ပုံးထဲ ပစ်ထားလိုက်တာ ခံလိုက်ကြ ရတာချည်းပဲ။

အဲဒါ တကယ်ဖြစ်ခဲ့တဲ့ ဇာတ်လမ်းတစ်ပုဒ်၊ နည်းနည်းပါးပါးလေးပဲ ဖြည့်စွက် ထားတာကလွဲလို့ အမှန်တွေချည်းပဲ။ အဲဒီ ကိုရွှေမြန်မာလည်း 'လိမ်ပြေးထားဘူး' တော့ မြန်မာပြည်လည်း ပြန်မလာရဲ၊ ဒေါ်လာငါးသိန်းလောက် မရှိမယ့်၊ ရှိမယ့် စုပေးလိုက်ရတော့ တစ်ခါတည်းလည်းမွဲ၊ ဘဝအခြေအနေ တော်တော်ပျက်သွားရှာ တယ်။ လောဘကိုရှေ့တန်းတင်လွှန်းလို့ဖြစ်တာ၊ ဝဋ်လည်တာလည်း ဖြစ်ပါတယ် လေ ...။

* * *

တစ်ရက် Golf ရိုက်ရင်းနဲ့ တပ်မတော်အရာရှိကြီးဟောင်းတစ်ဦးက ပြော တယ်။

mgyoe.com

mgyoe.com


"ကိုအောင်ဇော်က. . . မခေဘူးဗျ၊ စပိန်က ဆုတံဆိပ်ချီးမြှင့်တာ၊ ရှေ့လထဲ သွားတော့မယ် "

အဲဒီ ကိုအောင်ဇော်ဆိုတာ ဈေးကွက်စီးပွားရေးအစမှာ နာမည်ကြီးခဲ့ဖူးတဲ့ စီးပွားရေးသမားတစ်ဦးပါ။ ဆိုရှယ်လစ်ခေတ်မှာ ဂျပန်သွားပြီး၊ အောက်ခြေသိမ်းအလုပ် လုပ်ရာကနေ ဂျပန်ကသဘောကျပြီး အရင်းအနှီးမလိုဘဲ မော်တော်ကားသွင်းပေးရင်း စီးပွားဖြောင့်လာတဲ့သူ ဖြစ်ပါတယ်။

စပိန်နိုင်ငံက လူတစ်စုလုပ်ပုံကတော့ အကြမ်းပတမ်း မဟုတ်ဘူး။ယဉ်ယဉ်လေးနဲ့ လိမ်မှန်းမသိ အလိမ်ခံကြရတာ။ မိသားတစ်စု (သို့မဟုတ်) အဖော်တစ်စုက အဖွဲ့အစည်းတစ်ခု တည်ထောင်လိုက်တယ်။ ပြီးရင် တတိယနိုင်ငံက ကုမ္ပဏီစာရင်းပါတဲ့ Yellow Book ကိုအသုံးချပြီး စာတွေထည့်တော့တာပဲ။

လူကြီးမင်းရဲ့ကုမ္ပဏီက အုပ်ချုပ်မှုကောင်းလို့၊ ထုတ်လုပ်မှုကောင်းလို့၊ ဈေးကွက်ဖြန့်ချိမှုကောင်းလို့စသဖြင့် မှန်းဆပြီး ရေးတတ်တယ်။ အဲဒီအတွက်ကြောင့် လုပ်ငန်းရှင်တွေကို အားပေးတဲ့အနေနဲ့ 'ဘယ်' ကုမ္ပဏီ၊ အဖွဲ့အစည်းက စပိန်နိုင်ငံမှာ 'ဆု' တွေကို ချီးမြှင့်ပါမယ်ပေါ့။ မြန်မာပြည်က လုပ်ငန်းရှင်တော်တော်များများ 'ထိ' သွားကြပါတယ်။ ဟိုရောက်တော့ သူလိုကိုယ်လိုလူတွေ အများကြီးကိုတွေ့ရတဲ့အခါမှာ ရေငုံပြီး ပြန်လာကြရတယ်ပေါ့။ တချို့ အကင်းသိပ်မပါးတဲ့ လူတချို့ကတော့ မြန်မာပြည်လည်းပြန်ရောက်ရော သတင်းစာထဲထည့်ပြီး ဂုဏ်တောင်ယူလိုက်ကြသေးတာ ဖတ်မိလိုက်သေးတယ်။

ဘမောင်လည်း တိုက်ရိုက်မပြောချင်တာနဲ့ အဲဒီအရာရှိကြီးနဲ့ပဲ 'သတိ' ထားဖို့ အကြံပေးလိုက်ပါသေးတယ်။ ဒါပေမယ့် 'အရှိန်' တက်နေသေးတော့ ဘယ်လိုမှပြောမရဘူး၊ တကယ်အရည်အချင်းရှိလို့ပေးတာ၊ သွားကိုသွားရမယ်ပဲ၊ ဘယ်လိုမှပြောမရဘူး။

ကိုယ်ဘာလုပ်ခဲ့သလဲ၊ ဘယ်လောက်အုပ်ချုပ်မှုတွေကောင်းနေလို့လဲ၊ ပကတိအမြင်နဲ့ကြည့်ရင် လွယ်လွယ်လေးမြင်နိုင်ပါတယ်။ ဒါပေမယ့် လောဘကြီးမှု၊ Over Confidence ဆိုတဲ့ ယုံကြည်မှုလွန်ကဲတာတွေကြောင့် ငါးမျှားချိတ်ကို မမြင်နိုင်ကြတာပါ။ ဘမောင်တို့လည်း အဲဒီစာတွေ ပလူပျံအောင်ရခဲ့တာပဲ။ ဖြစ်နိုင်မဖြစ်နိုင် စဉ်းစားကြည့်ရင် မြင်နိုင်ပါတယ်။

* * *

mgyoe.com

mgyoe.com


ကိုအောင်ဇော် စပိန်ကဆုတံဆိပ်ရပြီးပြန်လာတော့ ဒညင်းကုန်းဂေါက်ကွင်းမှာ ဧည့်ခံခဲ့တာ မှတ်မိသေးတယ်။ ဒေါ်လာနှစ်သောင်းလောက် ကုန်သွားတယ်တဲ့။ လေယာဉ်ပျံစရိတ်၊ ဟိုတယ်စရိတ်၊ ဆုကြေးအတွက် ဒေါ်လာငါးထောင်၊ ဟိုဟိုဒီဒီ အားလုံးပေါင်းပေါ့။ ဆုကိုကြည့်လိုက်တော့ မြန်မာပြည်မှာအပ်ရင် ကျပ် ငါးထောင် လောက်ပဲပေးရမယ့် တံဆိပ်မျိုး။ စပိန်နည်းက ပါးပါးနဲ့များများ ရိတ်ပစ်တာ၊ လူတစ်ယောက်ဒေါ်လာငါးထောင်၊ လူနှစ်ရာရရင် ဒေါ်လာတစ်သန်း၊ 'ဆု' ကို တကယ် လည်းပေးတာပဲ။ ဘယ်သူမှငြင်းလို့မရဘူး။

စကားပြောတာက 'အပြည်ပြည်ဆိုင်ရာစံနှုန်း' ပဲ။ ဘမောင်တို့ဆီကနေ သူတို့ကို အဲသလို ပြန်လုပ်ရင်တောင် ရတယ်။ 'မြန်မာပြည်စံနှုန်း' ပေါ့။ စပိန်အုပ်စုက တစ်နှစ်တစ်နှစ်မိတဲ့ ငါးက အရေအတွက် ရာနဲ့ထောင်နဲ့ချီတယ်ဆိုပဲ။ အခုတလော တော့ သိတဲ့သူများသွားလို့ အဲဒီစာမျိုးတွေ အလာကြဲသွားပြီ။

ကိုအောင်ဇော်လည်း နှစ်နှစ်လောက်ကြာလာတော့ မြန်မာပြည်မှာ သူလည်း ရ၊ ကိုယ်လည်းရ၊ အများကလည်းပြောတော့ 'ထိ' မှန်းတော့သိသွားပြီ။ အဲဒီစပိန် အကြောင်း နည်းနည်းမှ 'မဟ' တော့ဘူး။ စပိန်ကလူတွေကလည်း သူတို့ပဲ၊ မဆင် မခြင် စာပစ်တာများသွားတယ်။

တစ်ရက်မှာ တရုတ်တစ်ယောက်ပြောတာ ငိုအားထက် ရယ်အားသန်သွား တယ်။ "ကျုပ်ကုမ္ပဏီထောင်တာ Visiting Card ပေးကောင်းအောင်လို့၊ ဆိုင်းဘုတ် သေးသေးလေးနဲ့ လမ်းကြားလေးမှာနေတာ၊ ဘာမှမလုပ်ရသေးဘူး။ တစ်ရက် စပိန် နိုင်ငံက စီမံခန့်ခွဲမှုကောင်းလို့ ဆုပေးချင်တယ်ဆိုတဲ့စာလည်း ဖတ်လိုက်ရရော၊ ကျုပ် တော်တော်အံ့ဩသွားတယ်။ ပထမ လိပ်စာမှားတယ်လို့ထင်တာ၊ နောက်တော့မှ အဲဒီစာမျိုး ကျုပ်မိတ်ဆွေလည်းရရော အသာလေး အမြီးကုတ်ပြန်လာခဲ့ရတာ"

* * *

အဖြေကရှင်းပါတယ်။ နိုင်ငံတကာ အမြင်မရှိသေးတာရယ်၊ ကိုယ့်ကိုယ်ကို အထင်ကြီးမှုလွန်ကဲတာရယ်၊ လောဘရယ်၊ ဆင်ခြင်တုံတရား ကင်းမဲ့တာရယ် ပေါင်း လိုက်တော့ အားလုံး ငါးမျှားချိတ်တန်းလန်း ဖြစ်ကုန်ကြရတာပဲ ဖြစ်ပါတယ်။

လိမ်တဲ့သူကတော့ လိမ်မှာပဲ။ ဒါကသူ့အလုပ်ကိုး။ အလိမ်မခံရအောင် ရှောင် ရမှာက ကိုယ့်အလုပ်ပဲ။ တချို့ဆို 'လိမ်' မှန်း သိတယ်။ မက်လုံးကကောင်းနေတော့ ဖြစ်မှဖြစ်ရောပဲဆိုပြီး ဇွတ်တိုးကြတာ၊ အံ့ဩယူရတယ်။ နောက်ဆုံး လောဘကို

mgyoe.com

mgyoe.com


မကျော်လွှားနိုင်ကြလို့ပဲလေဆိုပြီး သက်ပြင်းပဲချရတော့တယ်။

ငွေကြေးဝန်ဆောင်မှုတွေ ခေတ်ကောင်းတုန်းကလည်း တော်တော်များများ အချိုကြီးထိသွားကြတာ မှတ်မိမှာပေါ့။ ပေးတဲ့အတိုးက 'နင့်'နေတာပဲ၊ တကယ် စီးပွားရေးလုပ်နေတဲ့သူတွေကတော့ သိတယ်၊ ငွေလည်ပတ်မှုဘယ်လောက်ကောင်း ကောင်း၊ အဲသလောက် အမြတ်မရနိုင်ဘူးဆိုတာ၊ တစ်လခြောက်ရာနှုန်းဆိုတော့ တစ်နှစ်ခုနစ်ဆယ့်နှစ်ရာနှုန်း။ 'ချစ်တီး' ခေတ်မှာ ဘယ်လိုနစ်ခဲ့လို့ သမီးပေးရတယ် ဆိုတာ မြင်ကြည့်ရင်တောင် အဲဒီအလုပ်ဟာ မမှန်နိုင်ဘူးဆိုတာ သိသာပါတယ်။ ဒါပေမယ့် နောက်ဆုံးတော့ လောဘမသတ်နိုင်ကြလို့ တော်တော်များများ 'ထိ' သွားကြပါတယ်။

လိမ်သူနဲ့ယုံသူ ဘယ်သူပိုမှားလဲ။

* * *

ဆယ်နှစ်ကျော်လောက်ကနဲ့တူတယ်၊ ဗီဒီယိုဇာတ်ကား 'ရိုက်စား' ဆိုတာ ထွက်တော့ အဲဒီစကား တော်တော်ပေါက်သွားတယ်။ ခေတ်သစ်လိမ်ပုံလိမ်နည်း၊ ရိုက်ပုံရိုက်နည်းတွေနဲ့ ဖန်တီးနိုင်ရင်ကောင်းမှာပဲ၊ ရိုက်စား၊ နှပ်စား၊ တစ်နပ်စားပေါ့။

*ရွှေအမြုတေ (၁၁/၂၀၀၆)*

❖

mgyoe.com

mgyoe.com

# 'ကံ' ကိုယုံတာ၊ ပုံတာမဟုတ်ပါ

3rd August 2006

Lucas of Control (LOC) ဆိုတာ ပြင်ပသက်ရောက်အားကို ဆိုလိုရင်း ဖြစ်ပါတယ်။ အနောက်နိုင်ငံတွေမှာ လက်ခံထားပြီး စီးပွားရေး စီမံခန့်ခွဲမှုဘာသာရပ်မှာ တစ်ပိုင်းတစ်စအနေနဲ့ ထည့်သွင်းသင်ကြားလေ့ရှိပါတယ်။ ဆိုလိုချင်တာက ကိုယ်လုပ်ရင် ကိုယ်ရမယ်၊ ပြင်ပသြဇာသက်ရောက်မှုမရှိတာကို ယုံကြည်ခြင်း ဖြစ်ပါတယ်။ တခြားဘာသာဝင်တွေမှာလည်း 'ကံ' အကြောင်းကို သိပ်အကျယ်တဝင့် ယုံကြည်ကြလေ့ မရှိကြပါဘူး။

ဗုဒ္ဓဘာသာဝင်တွေမှာက 'ကံ' ကို ယုံကြည်ကြပါတယ်။ ဘုရားရှင်တော်ကလည်း 'ကံ၊ ဉာဏ်၊ ဝီရိယ' ဆိုပြီး အခြေခံသုံးခုကို ဟောခဲ့ပါတယ်။ (LOC) ကို ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ ငြင်းခုံစရာတစ်ခု ဖြစ်လာခဲ့ပါတယ်။

အစစအရာရာ အဆင်ပြေတဲ့ တိုးတက်နိုင်ငံတွေမှာ တစ်နာရီလုပ်ခ ဒေါ်လာ (၂၀) ဆိုရင်၊ တစ်နေ့ အလုပ်လုပ်ချိန်နဲ့ မြှောက်လိုက်ပြီး လုပ်အားခ ထုတ်ယူရုံပါပဲ။ ဘာသာရေးအဆုံးအမမှာ 'ကံ' တရားကို သိပ်အလေးအနက်မထားသလို လူနေမှုစနစ်ကလည်း 'ကံ' တရား သိပ်မထင်ရှားတော့ 'ကံ' ကို သိပ်မယုံကြည်ကြတာလည်း ဆန်းတော့မဆန်းပါဘူး။ ဒါပေမယ့် ဒေါ်လာသန်းပေါင်းများစွာတန်တဲ့ 'ထီ' လက်မှတ်ပေါက်တဲ့သူကိုတော့ 'ကံထူးရှင်' လို့ သူတို့ကိုယ်တိုင် အမည်သညာတတ်တာ 'ကံ' တရားကို သွယ်ဝိုက်လက်ခံခြင်းတစ်ခု ဖြစ်ပါတယ်။

* * *

ငါးသုံးကောင်ပုံပြင်ကို ဘမောင်တို့ငယ်ငယ်က အားလုံးသင်ဖူးခဲ့ကြပါတယ်။ 'ဉာဏ်' မသုံးဘဲ 'ဝီရိယ' လွန်တဲ့ငါးက လွတ်ရာလွတ်ကြောင်း အမြဲတမ်းကြိုးစားနေတော့ တံငါက လေ့ကမ်းမကပ်မီမှာပဲ ခေါင်းကိုထုပြီး သတ်လိုက်ပါတယ်။ 'ကံ'

mgyoe.com

mgyoe.com


ကို အယုံလွန်ပြီး 'ပုံ' တဲ့ငါးကတော့ ဘာမှမကြိုးစားလို့ တံငါလေ့ ကမ်းလည်းကပ်ရော ခေါင်းအထုခံရပြီး သေရပြန်ပါတယ်။ 'ကံ၊ ဉာဏ်၊ ဝီရိယ' ရှိတဲ့ငါးကတော့ တဖျပ်ဖျပ်မခုန်ဘဲ လှေအလူးမှာ အစွမ်းကုန် ကြိုးစားလိုက်တော့ လွတ်သွားပါတယ်။ အရွယ်ရောက်လို့ စီးပွားရေးလုပ်ကိုင်ကြတဲ့အခါမှာ အဲဒီငါးသုံးကောင်ပုံပြင်က တကယ့်သင်ခန်းစာကြီး ဖြစ်လာခဲ့ပါတယ်။

နေရာတိုင်းမှာ ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးက ရှိကိုရှိနေပါတယ်။ ဉာဏ်နဲ့ဝီရိယကို လက်ရှိဘဝမှာ ပြုပြင်ဖြည့်စွက်လို့ရပေမယ့် 'ကံ' အပိုင်းကျတော့ ပိုပြီးနက်နဲလာပါတယ်။ အခုဘဝရဲ့ 'ကံ'၊ ရှေးရှေးဘဝများက 'ကံ' တွေ ပါဝင်လာပါတယ်။ ဝီရိယရှိတဲ့သူထက် ဉာဏ်ရှိတဲ့သူက သာပါတယ်။ ငြင်းမရပါဘူး၊ သည်ခေတ်မှာ ပိုထင်ရှားပါတယ်။ 'ဉာဏ်နဲ့ဝီရိယ' ဘယ်လောက်ကောင်းကောင်း 'ကံ' မရှိရင်လည်း ဘာမှလုပ်မရပါဘူး၊ 'ကံ၊ ဉာဏ်၊ ဝီရိယ' သုံးပါးကို မျှတအောင် ကြိုးစားခြင်းကသာ အကောင်းဆုံးအနေအထားကိုဖန်တီးနိုင်မှာဖြစ်ပါတယ်။

* * *

တစ်ရက် ပျဉ်းမနား၊ နေပြည်တော်ကအပြန် ကားပေါ်မှာ ရှေးတုန်းက မွန်သူဋ္ဌေးကြီး ဦးနာအောက်ရဲ့ မြစ်တော်သူနဲ့ အမှတ်မထင် စကားလက်ဆုံကျဖြစ်ခဲ့ပါတယ်။ သိတာကြာပြီဖြစ်ပေမယ့် သူကြွယ်ကြီးရဲ့ 'မြစ်' မှန်း အရင်က မသိခဲ့ပါ။ သာမန်လူတန်းစားဘဝက ကျိုကျိုတက်ချမ်းသာသွားတဲ့ ဦးနာအောက်ဟာ 'ကံ' ပေးလို့ပါ။ အင်္ဂလိပ်လက်ထက်မှာ သစ်ခုတ်ခွင့်ပါမစ်ဆိုတာ လူတိုင်း ရတဲ့အခွင့်အရေး မဟုတ်ပါဘူး။ ရောဝတီမြစ်ကြောင်းတလျှောက်မှာ ဦးနာအောက်ရဲ့ သင်္ဘောတွေ အများကြီးပါ။ အင်္ဂလိပ်ပိုင် သင်္ဘောတွေနဲ့အပြိုင် ပြေးဆွဲကြပါတယ်။ မျိုးချစ်စိတ်ပြင်းထန်တဲ့အတွက် ဦးနာအောက်ကို လေးစားရပါတယ်။ ဒါပေမယ့် 'ဉာဏ်အရာ' အသုံးနည်းတဲ့ ဦးနာအောက်ကိုတော့ ဂရုဏာသက်မိတာ အမှန်ပါပဲ။ သင်္ဘောပြိုင်ဆွဲရင်း ဦးနာအောက် ချမ်းသာတာတွေ ကုန်သွားပါတယ်။ ပြောချင်တာက 'ဉာဏ်' ကိုသုံးပြီး တခြားနည်းနဲ့ မျိုးချစ်စိတ်ကို ပြစေချင်တာပါ။ ခနအင်အား ချိနဲ့သွားတာနဲ့ မျိုးချစ်စိတ်ကို ပြလို့မရတဲ့အတွက် သည်ဘက်ခေတ် စီးပွားရေးစီမံခန့်ခွဲမှု သင်ကြားတတ်မြောက်ပြီးကြသူတွေ မချင့်မရဲဖြစ်မှာ အမှန်ပါပဲ။

'ကံ' ပေးလို့ရတဲ့ ခနကို 'ဉာဏ်' နဲ့ယှဉ်မှ၊ 'ဝီရိယ' လည်း ထည့်ပါမှ ရေရှည်ခံတယ်ဆိုတဲ့ သင်ခန်းစာပါ။ သည်လို 'ကံ' မျိုး လူသန်းပေါင်းများစွာမှာ တစ်ယောက်

mgyoe.com

mgyoe.com


ရခဲလှပါတယ်။ 'ကံ' အရာထင်ရှားပါတယ်။

* * *

ဗုဒ္ဓက 'ကံ' ကိုယုံကြည်ခိုင်းပါတယ်။ 'ကံ' ဆိုတာ ထူးဆန်းစွာ တည်ရှိတယ် ပေါ့။ ဒါပေမယ့် 'ဉာဏ်' အရာကိုလည်း မပစ်ပယ်ခိုင်းတော့ 'ကံကိုချည်းပုံအပ်' တာကျတော့ ဗုဒ္ဓက ဆန့်ကျင်ပါတယ်။

အပြောင်းအလဲတွေ ဟောကနဲ၊ ဟောကနဲဖြစ်ပျက်နေတဲ့ သည်ဘက်ခေတ် သစ်မှာ အဲဒီ 'ကံ၊ ဉာဏ်၊ ဝိရိယ' က ပိုပြီးထင်ရှားလာခဲ့ပါတယ်။ 'ဆုကြီးပန်' တွေမှတစ်ပါး လူသာမန်တွေကို ဗုဒ္ဓက အဆင်ခြင်မဲ့မလှူခိုင်းပါဘူး။ 'ရှေ့၊ နောက်' ကို ကြည့်ခိုင်းပါတယ်။ တချို့လှူရင်းနဲ့ မွဲသွားတဲ့သူတွေကို တွေ့ဖူးပါတယ်။ 'ဉာဏ်' အရာ မသုံးတတ်ရာလို့ပါ။ အလှူမှာလည်း 'စေတနာအရင်းခံ' တယ်ဆိုတဲ့အသိကို နှလုံး မသွင်းတတ်ကြလို့ပါ။ လှူခြင်းရဲ့ ပမာဏအနည်းအများက အဓိကမဟုတ်ပါ ဘူး၊ စေတနာကသာ အဓိကပါ။ သူဌေးတစ်ယောက် တစ်သိန်းကို မစဉ်းစားဘဲ 'ပက်ခနဲ' လှူနိုင်ပေမယ့် လက်လုပ်လက်စားတစ်ယောက် နှစ်ရာတန် တစ်ရွက်လှူဖို့ စဉ်းစားရပါတယ်။ စေတနာ၊ သဒ္ဓါတကယ်ပါမှ လှူနိုင်မယ့်ကိစ္စလည်း ဖြစ်ပါတယ်။ စေတနာတကယ်သန်ရင် အဲဒီနှစ်ရာတန်တစ်ရွက်က ပိုပြီးကုသိုလ်လည်း ရပါတယ်။

* * *

တော်တော်များများမဟုတ်ပေမယ့် တချို့ . . . သဒ္ဓါအားကြီးလို့လား မသိပါ၊ 'ကံယုံ' တာနဲ့ 'ကံပုံ' တာကို ထွေပြားကြပါတယ်။ ဘာမှမလုပ်ဘဲ ထိုင်နေကြသူတွေ ဟာ 'ကံပုံ' သူတွေပါ။ 'စေလိုရာစေ' ဆိုတဲ့လူတန်းစားဟာ ဘယ်တော့မှ မထွန်းပြောင် ပါဘူး။ အတိတ် 'ကံ' ကြောင့် ချမ်းသာရင်တောင်မှ မမြဲပါဘူး။

ငယ်ငယ်ကဖတ်ခဲ့တဲ့ ဘာသာရေးဆိုင်ရာစာပိုဒ်လေးကို မှတ်မိနေပါတယ်။ ရိုးရိုးလေးနဲ့ထိပါတယ်။

"သဒ္ဓါလွန်ကျွန်ဖြစ်
တဏှာလွန်နွံနစ်"

သူများအိမ်မှာအခိုင်းခံရတဲ့ကျွန် မဟုတ်ပါဘူး။ အချစ်ရဲ့ကျေးကျွန်၊ ဘဝရဲ့ ကျေးကျွန်စတာတွေကို ဆိုလိုတာပါ။ ပြဿနာ နွံရတဲ့ဘဝမျိုးကို ဆိုချင်တာပါ။ သဒ္ဓါ လွန်သွားတဲ့အတွက် ဉာဏ်နဲ့ဝိရိယက နောက်ကျန်ခဲ့ပါတယ်။

mgyoe.com

mgyoe.com


တဏှာက တပ်မက်ခြင်းဆိုတော့ တပ်မက်စိတ် သိပ်များသွားရင် ဘာမှမမြင်တော့ပါဘူး။ မမှားသင့်တဲ့အမှားအားလုံးကို ကျူးလွန်သွားနိုင်ပါတယ်။ နွံနစ်သွားတဲ့ဘဝပါ။ စီးပွားရေးလောကမှာ တော်တော်များများ တွေ့ရတတ်ပါတယ်။ ရလာမယ်ဆိုတဲ့ငွေကိုမျှော်ရင်း တပ်မက်စိတ်နဲ့ ကြိုးသုံးကြတော့ နောက်ဆုံး နွံနစ်သွားကြပါတယ်။ တစ်ဖက်စွန်းရောက် ဘာသာရေးနဲ့ နိုင်ငံရေးတွေမှာလည်း တွေ့နိုင်ပါတယ်။

* * *

'ကံ' ဆိုတာလည်း 'ဉာဏ်နဲ့ယှဉ်' တဲ့ ဖန်တီးမှုရလဒ်တွေပါ။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင်လည်း 'ဝဋ်အမြဲ၊ ငရဲအပ' ကိုသတိရလိုက်ရင် ပြေးမလွတ်ဘူးဆိုတာ သိလာနိုင်ပါတယ်။

'ကံ' ကို 'ဉာဏ်' နဲ့ယှဉ်ပြီးမမြင်တတ်ရင် 'ပုံ' သလို ဖြစ်သွားတတ်ပါတယ်။ 'ကောင်းတာလုပ်တာပဲ' ဆိုပြီး စေတနာမပါဘဲ ထင်ရှားချင်လို့ လှူကြသူတွေထဲမှာမွဲသွားသူတချို့ကို တွေ့နိုင်ပါတယ်။ 'စေတနာ' ကို မေ့သွားလို့ဖြစ်မှာပါ။

ခေတ်ပညာတတ်ပြီး 'ဉာဏ်' အရာအသုံးနည်းတဲ့ ဆရာဝန်တစ်ယောက်ကို တွေ့ဖူးပါတယ်။ 'ကျောက်' အောင်တော့ မန္တလေး၊ ရန်ကုန်မှာ အိမ်ကြီးတွေဝယ်၊ ကားကြီးတွေစီးပြီး လူ့မလိုင် ဖြစ်ခဲ့ပါတယ်။ 'ကျောက်' အောင်သွားတယ်ဆိုတာ အတိတ်၊ ပစ္စုပ္ပန်ကံတွေရဲ့ အကျိုးဆက်ပါ။ တောထဲကမြို့ရောက်ပြီး စီးပွားရေးလုပ်တော့ ကုမ္ပဏီလောကကို မလေ့လာဘဲ 'ကံကောင်း' မှာပါဆိုတဲ့ တစ်သမတ်အယူနဲ့လုပ်လိုက်တာမှာ ငါးနှစ်လောက်အတွင်း ကျောက်မြောင်းက အခန်းငယ်လေးပဲကျန်တော့တာ ဝမ်းနည်းစရာ တွေ့လိုက်ရပါတယ်။

'ကံ' မကောင်းလို့ ကုန်ချိန်တန်ကုန်တာလို့ ပြောလို့မရပါဘူး။ ဉာဏ်ကလေး၊ ဝီရိယကလေးနဲ့ယှဉ်ရင် 'ကံပယ်' တယ်ဆိုရင်တောင် သည့်ထက် စည်းစိမ်ပိုကျန်သင့်ပါတယ်။

* * *

Lucas of Control အကြောင်း အငြင်းအခုန်လုပ်ကြတော့ သူတို့ မကြုံဘူးတဲ့ အတွေ့အကြုံတွေကို ပြောပြတဲ့အခါမှာ လက်ခံသွားကြပါတယ်။ ကံကောင်းရင်စနစ်ကောင်းအောက်မှာ ရှင်သန်ကြပါတယ်။ စနစ်ကြီးရဲ့ပံ့ပိုးမှုက 'ကံ' အရာကိုမထင်ရှားစေပါ။ အာဖရိကနိုင်ငံကလူတွေကြည့်ရင် သူတို့ရဲ့ဘဝဟာ မနေပျော်တဲ့

mgyoe.com

mgyoe.com



ဘ၀ပါ။ ကံမကောင်းလို့ စနစ်ကောင်းမရခဲ့ကြပါ။ ကံမကောင်းလို့လည်း အဲဒီမှာ လူဖြစ်ကြရတာပါ။ ဒါပေမယ့် 'ဉာဏ်' နဲ့ 'ဝီရိယ' ထားသူတွေက သူများထက်တော့ ခေါင်းတစ်လုံးသာကြပါတယ်။ ကြိုးစားတဲ့အကျိုးဆက်ကို ခံစားကြရတာ ဖြစ်ပါတယ်။ စနစ်ဆိုးလို့ 'စေလိုရာစေ' ဆိုရင် နွံထဲကမတက်နိုင်တဲ့ဘ၀ကိုပဲ ဖြတ်သန်းရမှာပါ။ 'ကံ' ကိုယုံခိုင်းတာ 'ယိုးမယ်ဖွဲ့' ခိုင်းတာမဟုတ်ပါ။ ကြိုးစားရင်၊ အကျိုးဆက်ကောင်းရပါတယ်။ ထိထိရောက်ရောက် ဉာဏ်ယှဉ်တဲ့ ကြိုးစားမှုပဲ ဖြစ်ဖို့လိုပါတယ်။

သည်ဘက်ခေတ်ကို Knowledge Era လို့ တင်စားကြပါတယ်။ ပညာခေတ်လို့ ယူဆလို့ရပါတယ်။ ဒါပေမယ့် တချို့က Wisdom ဆိုတဲ့ စကားလုံးကို စပြီးသုံးနေကြပါပြီ။ ဗုဒ္ဓက Enlightenment ဆိုတာအထိ ဟောထားခဲ့ပါတယ်။ ခွဲခြမ်းစိတ်ဖြာကြည့်ရင် ကွာတာတွေ တွေ့ရမှာပါ။ တချို့ အင်မတန်နည်းသေးတဲ့ ပညာရှင်တွေကတော့ သည်အယူအဆကို ဖော်ထုတ်စပြုလာပါပြီ။ အများကတော့ Knowledge ဆိုတဲ့အသုံးက မတက်နိုင်ကြသေးပါဘူး။

| | **Effect** | **Purpose** |
|---|---|---|
| Data | Muddling through | Know-nothing |
| Information | Effenciency | Know-how |
| Knowledge | Effectiveness | Know-what |
| Wisdom | Explicability | Know-why |
| Enlightenment | Bread-clearly | Know-for-sure |

အဲဒီခွဲခြမ်းစိတ်ဖြာမှုကို လေ့လာရင် သည်နေ့သုံးနေတဲ့ Knowledge ထက် Wisdom, Enlightenment တွေက တစ်ဆင့်စီ ပိုမြင့်မားနေတယ်။ ပညာအရာ ပိုရင့်ကျက်ပီပြင်နေတယ်ဆိုတာ တွေ့နိုင်ပါတယ်။ Enlightenment ကို ဉာဏ်အလင်းဖြင့် သိမြင်ခြင်းလို့ပြောလို့ရမလား မသိပါဘူး။ သေချာသိ သိနေခြင်း၊ ပညာဖြင့် တတ်အပ်သိခြင်း (Know-for-sure) ဆိုတဲ့ ဝိသေသကို တွေ့နိုင်ပါတယ်။ အဲဒီအဆင့်က လူသာမန်တွေရနိုင်ခဲတဲ့ ပညာအဆင့်ဖြစ်ပါတယ်။ ဥပမာ– ဓာတ်ခွဲခန်းကို အသုံးမပြုခဲ့ဘဲနဲ့ ဗုဒ္ဓက ဉာဏ်အမြင်နဲ့ ဓာတ်ကြီးလေးပါးကို ဟောခဲ့ပါတယ်။ နှစ်ပေါင်း နှစ်ထောင်ကျော်ကြာတော့မှ သိပ္ပံပညာရှင်တွေ ထောင်ပေါင်းများစွာရဲ့

mgyoe.com